# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၆/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

## တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီကို လိုလားသည့် ပြည်သူလူထုနှင့် တစ်သားတည်းရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၆/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**ယနေ့ ဖတ်စရာ**


မင်းရန်အောင်၊ မော်ဖဒေသနှင့် မက်မန်းမြို့သာယာ — ဆောင်းပါး စာ ၁၀

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွက် နိုင်ငံခြားခရီးသွားဝင်ရောက်မှု မျှော်မှန်းထားသည့်ပမာဏထက် ကျော်လွန်လာ — နိုင်ငံတကာသတင်း စာ ၁၃

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် မြှင့်တင်ဆောင်ရွက်ကြပါစို့ — ဆောင်းပါး စာ ၁၆

# အလုပ်လုပ်နိုင်သည့်စွမ်းရည်နှင့် အလုပ်လုပ်လိုသည့်စိတ်ဓာတ် မြင့်မားရေး

နိုင်ငံအတွင်းရှိ ပြည်သူများ၏ အလုပ်လုပ်လိုသည့်စိတ်(Willingness to work)နှင့် အလုပ်လုပ်နိုင်သည့်စွမ်းရည် (Ability to work)တို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လွန်စွာအရေးပါသည်ဟု ပညာရှင်များက ဆိုသည်။ အလုပ်လုပ်လိုစိတ်သည် စိတ်ပိုင်းဆိုင်ရာနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်သည့်စွမ်းရည်မှာမူ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းဖြစ်သည်။ လူတို့တွင် အလုပ်လုပ်နိုင်သည့်စွမ်းရည်များ ပြည့်စုံနေစေကာမူ အလုပ်လုပ်လိုသည့်စိတ်ဓာတ်ကင်းမဲ့နေမည်ဆိုပါက စွမ်းရည်များမှ လက်တွေ့အလုပ်ဖြစ်ပေါ်လာမည်မဟုတ်။ သို့ဖြစ်ရာ လူများ အလုပ်လုပ်လိုစိတ်ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ပေးနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်လိုအပ်သည်။ အခွင့်အလမ်းများရှိနေသော ပတ်ဝန်းကျင်အခြေအနေများကသာ လူအများကို အလုပ်လုပ်လိုစိတ်ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ပေးနိုင်သည်ဟုလည်း ပညာရှင်များက ဆိုကြသည်။

"ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေသည် ပို့ကုန်(Export)ထက်သွင်းကုန် (Import)က ပိုမိုများပြားနေသဖြင့် လိုငွေပြနေခြင်းဖြစ်ကြောင်း၊ ပို့ကုန် (Export) နည်းပါးခြင်းသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကြောင့်မဟုတ်ဘဲ အလုပ်မလုပ်သည့်အတွက်သာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လုပ်ကိုင်စားသောက်နိုင်မည့် ရေမြေသယံဇာတနှင့် ရာသီဥတုတို့ကို ပိုင်ဆိုင်ထားပြီး ဖြစ်သော်လည်း အလုပ်ကို ဖိဖိစီးစီးဆောင်ရွက်မှုမရှိသောကြောင့် ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့ခြင်းဖြစ်ကြောင်း"။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃)တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ လက်ရှိ မိမိတို့နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) သည် ကိုယ့်အတိုင်းအတာနှင့်ကိုယ် တိုးတက်နေသည်ဟုဆိုနိုင်သော်လည်း အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက နည်းပါးနေသည်။ ယင်းအခြေအနေကို ပြုပြင်ပြောင်းလဲနိုင်စေရန်မှာ ပြည်သူများအတွင်း အလုပ်လုပ်နိုင်သည့်စွမ်းရည် ပြည့်စုံစေရန်နှင့် အလုပ်လုပ်လိုသည့်စိတ်ဓာတ် မြင့်မားစေရန် လှုံ့ဆော်ပေးနိုင်သည့်အခြေအနေများ ဖန်တီးပေးရမည်ဖြစ်သည်။

မြေပေါ်မြေအောက်သယံဇာတအရင်းအမြစ်များ နည်းပါးချို့တဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရန်အခွင့်အလမ်းမသာသည့်ကြားမှပင် အလုပ်လုပ်နိုင်သည့်စွမ်းရည်နှင့် အလုပ်လုပ်လိုသည့်စိတ်ဓာတ်မြင့်မားသော လူသားအရင်းအမြစ်၏စွမ်းအားဖြင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများအဖြစ် တက်လှမ်းသွားနိုင်ခဲ့ကြသည့် အာရှနိုင်ငံများမှာ မိမိတို့စံနမူနာယူဖွယ်ပင်ဖြစ်သည်။ အဆိုပါနိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းထန်ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် တစ်မျိုးသားလုံးက တစိုက်မတ်မတ် ဆောင်ရွက်ကြခြင်းအားဖြင့် အောင်မြင်မှုရရှိခဲ့ကြခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများ၏ သာဓကအရ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စိတ်ဓာတ်အားမာန်နှင့် လက်တွေ့စွမ်းဆောင်နိုင်မည့်အရည်အသွေး၊ အရည်အချင်းများသည် ခေါင်းဆောင်တွင်သာမက ပြည်သူတွင်လည်း ရှိနေရန် လိုအပ်သည်။ ပြည်သူတို့က ၎င်းတို့၏စွမ်းရည်များကို အကောင်းဆုံးဖော်ထုတ်အသုံးချလုပ်ကိုင်လာစေရန် တစ်နည်းအားဖြင့် တက်ကြွသောအင်အား (Dynamic Force)အဖြစ် စုစည်းဖော်ဆောင်ပေးနိုင်ရန် ဆောင်ရွက်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းဗျူဟာ၊ မဟာဗျူဟာများကို ရေးဆွဲ၍ ယင်းတို့ကို ပြည်သူလူထုက ဘဝင်ကျကျ နားလည်လက်ခံလာသည်အထိ ရှင်းလင်းပြကြရန်လိုပြီး ပြည်သူက နက်နဲသော အသိအမြင်ဖြင့် ခံယူလာသည်နှင့်အမျှ တစ်စုံတစ်ရာနှိုးဆော်မှုမပါဘဲ တက်ကြွစွာ ပူးပေါင်းပါဝင်လာမည်ဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတပတ်ချုံဟီး က ရေးသားဖော်ပြခဲ့ဖူးသည်။

နိုင်ငံတစ်နိုင်ငံတွင် ရှိနေသည့် ပြည်သူလူထု၏ လုပ်နိုင်ကိုင်နိုင်သည့် အရည်အသွေးနှင့် အလုပ်လုပ်လိုသည့်စိတ်ဓာတ်က နိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်ကို ပြဋ္ဌာန်းသည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုကဏ္ဍအသီးသီးတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသူများအားလုံး အလုပ်လုပ်နိုင်သည့်စွမ်းရည်နှင့် အလုပ်လုပ်လိုသည့်စိတ် မြင့်မားရေးအတွက် လှုံ့ဆော်ပေးနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ပါစေကြောင်း။ ။



## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး ကို ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ဘားအံ နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် သိမ်တော်ကြီး-ကမော့ကစင်လမ်း၊ မြေသားလမ်း ၃ ဒသမ ၀၄၁ ကီလိုမီတာအား ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ၁၉၉၂ ဒသမ ၃၆၀ သန်းဖြင့် ပြည်နယ်လမ်းဦးစီးဌာန ရွှေဇေယျာတံခွန်ကုမ္ပဏီနှင့် ထူးမြတ်ဂုဏ်ကုမ္ပဏီတို့မှ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ RCC Box Culvert များ တည်ဆောက်ခြင်း၊ ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း တွဲလျက် တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညီနှင့် တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ အဆိုပါလမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စုရှိ ရသဝေါအင်း ကန်ပတ်လမ်း ပေ ၆၅၀၀ ခန့်အား ဖောက်လုပ်နိုင်ရေး ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် မြေပြင်ကွင်းဆင်း တိုင်းတာတွေ့ရှိမှုနှင့် ကန်ပတ်လမ်း ဖောက်လုပ်နိုင်ရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က အများပြည်သူ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ကန်ပတ်လမ်းဖောက်လုပ်မည့် လျာထားနေရာများ၊ ရသဝေါအင်းတမံနှင့် ရေတံခါးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအတွက် သင်တန်းထူးချွန်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲနှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည် ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းထူထောင်နိုင်ရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသော ထူးချွန်သင်တန်းသား ၂၀ ကို ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများကို စီမံကိန်းလက်စွဲစာစောင်နှင့်အညီ အသုံးပြုနိုင်ရေး ပေးအပ်သွားမည်ဖြစ်သည့်အတွက် လက်ခံရရှိပြီးသည့်အခါ အသေးစားကုန်ထုတ်လုပ်ငန်းများကို မဖြစ်မနေ ထူထောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခြေခံစက်ချုပ်သင်တန်း၊ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်းသင်တန်းတို့မှ ထူးချွန်သင်တန်းသား၊ သင်တန်းသူများကို ၎င်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည် ပေးအပ်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ရင်းနှီးမတည်ပေးအပ်ပွဲတွင် စက်ချုပ်နည်းပညာသင်တန်းတစ်ခုအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းနှစ်ခုအတွက် စားသောက်ကုန်ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်နည်းသင်တန်းတစ်ခုအတွက် လျှပ်စစ်ပစ္စည်းပြုပြင်သည့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် သင်တန်းတစ်ခုလျှင် ထူးချွန်သင်တန်းသား ငါးဦးအား ရွေးချယ်၍ ငွေကျပ် သိန်း ၅၀ စီခန့် တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှစပြီး မတ်လ (၃၁) ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် (၈:၀၀)နာရီမှ (၁၀:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀) နာရီမှ နံနက် (၁၂:၀၀) နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၄:၀၀) နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ (၁၆:၀၀) နာရီမှ ညနေ (၁၇:၀၀) နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ညနေ (၁၇:၀၀) နာရီမှ ညနေ (၁၈:၀၀) နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ညနေ (၁၈:၀၀) နာရီမှ ည (၁၉:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည (၁၉:၀၀) နာရီမှ (၂၀:၀၀) နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည (၂၀:၀၀) နာရီမှ (၂၁:၀၀) နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

- စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသာမက AA အဖွဲ့များပါ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်လင်းပီမြို့များကိုလည်း ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရ
- အဆိုပါဒေသမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့များ၏ သတင်းများကို တပ်မတော်သို့ပေးပို့ခြင်းကြောင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရ

* ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နောက်ခံအကြောင်းအရင်းများနှင့် အပစ်အခတ်ရပ်စဲရေးကို အခွင့်အရေးယူ၍ အင်အားတိုးချဲ့စုဆောင်းခြင်းများ ပြုလုပ်လာမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်၍ ပြောကြားရာ၌ KIA အဖွဲ့အနေဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါသဘောတူစာချုပ်တွင် တပ်မဟာ ၄ ခုနှင့်အခြေပြုစခန်း ၉၄ ခုကို သတ်မှတ်ပေးခဲ့ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် ငြိမ်းချမ်းရေးကို အကြောင်းပြ၍ မူးယစ်ဆေးဝါးများရောင်းဝယ်ခြင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ခြင်းများ ပြုလုပ်၍ အင်အားတိုးချဲ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင်လိုင်ဇာ၊ လိုင်စင်ပို့(စ်)တို့၌လည်း လက်နက်ခဲယမ်းစက်ရုံများ တည်ဆောက်ခြင်းနှင့် လူအင်အားတိုးချဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေအရ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အစွန်းရောက်သည့် လူငယ်များကို KIA စခန်းများ၌ စစ်ရေးလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊ တပ်များဖွဲ့စည်းပေးခြင်းနှင့် လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းများကို အသစ်ဖွဲ့စည်းသည့် KIA တပ်မဟာ(၈) က အဓိကဆောင်ရွက်ခဲ့ကြောင်း၊ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ယခုအချိန်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားနေချိန်၌ KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်စခန်းငယ်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် လက်တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသာမက AA အဖွဲ့များပါ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်လင်းပီမြို့များကိုလည်း ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါဒေသမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့များ၏ သတင်းများကို တပ်မတော်သို့ပေးပို့ခြင်းကြောင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ UWSA အဖွဲ့နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ်တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ ငြိမ်းချမ်းရေးယူခဲ့ပြီး နိုင်ငံတော်အနေဖြင့် “ဝ” ဒေသကို အထူးဒေသ (၂) အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ရိက္ခာဖူလုံမှုမရှိသဖြင့် အဆိုပါ “ဝ” ဒေသအတွက် လိုအပ်သည့် ဆန်များကိုလည်း စဉ်ဆက်မပြတ်ထောက်ပံ့ပေးပို့ခဲ့ကြောင်း၊ UWSA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးယူခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်ကြောင်း၊ “ဝ” ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော်လွန်ခဲ့သည့် ၁၀ စုနှစ်မှစ၍ “ဝ” ဒေသသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ခေတ်မီမြို့ပြအဆင့်သို့ပင် ရောက်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့တိုးတက်လာမှုနှင့်အတူ ကိုယ်ပိုင်လက်နက်ထုတ်လုပ်မှုများကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိခဲ့ကြောင်း။

၂၀၀၉ ခုနှစ် လောက်ကိုင်အရေးအခင်းဖြစ်ပွားချိန်တွင် ဖုန်ကြားရှင်နှင့် နောက်လိုက်အဖွဲ့များအနေဖြင့် ၎င်း၏သမက်ရှိရာ မိုင်းလားဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး အချို့မှာ တစ်ဖက်နိုင်ငံနှင့် အခြားဒေသများသို့ တိမ်းရှောင်ခဲ့ကြကြောင်း၊ လက်ရှိတွင် ဖုန်ကြားရှင်၏သား ဖုန်တာရှင် ဦးစီးသည့်အဖွဲ့သည် MNDAA လက်ကျန်အဖွဲ့နှင့် ကိုးကန့်များကိုစည်းရုံး၍ အထူးဒေသအဖြစ် ပြန်လည်အသက်သွင်းရန်ကြိုးပမ်းခဲ့ကြောင်း၊ ပြီးခဲ့သည့်လအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကိုးကန့်ဒေသအတွင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရာတွင် TNLA ၊ KIA၊ AA အဖွဲ့တို့အပြင် စုစည်းထားသည့် အခြားတပ်ဖွဲ့များမှ ကိုးကန့်များ၊ ပြည်ပမှ Drone ပညာရှင်များ စုစုပေါင်းအင်အား ဖ၅၀၀ ခန့် ပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဖုန်တာရှင် ဦးစီးသည့်အဖွဲ့သည် ၂၀၁၅ ခုနှစ်ကလည်း တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်တွင်လည်း မုန်းကိုး၊ ဖောင်းဆိုင်၊ ကြူကုတ်၊ ၁၀၅ မိုင်ကုန်သွယ်ရေးခစန်းကို တိုက်ခိုက်ခဲ့ကြောင်း၊ ထို့အတူ ၂၀၁၇ ခုနှစ်တွင် ရန်လုံကျိုင်းဂိတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အာဏာပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့် လက်တွဲဆောင်ရွက်နေသည့် TNLA အဖွဲ့အနေဖြင့်လည်း မန္တလေး-လားရှိုး-သိန္နီလမ်းကြောင်းပေါ်ရှိ နောင်ချို၊ သိန္နီမြို့များကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ အဓိကအားဖြင့် Drone ကြီးများသုံး၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင်လည်း နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အဓိကနေရာဖြစ်သည့် မူဆယ်ကိုလည်း လာရောက်တိုက်ခိုက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း၊ TNLA အဖွဲ့အနေဖြင့် မန္တလေး-လားရှိုးလမ်းကြောင်းကို ဖြတ်တောက်တိုက်ခိုက်နေခြင်းဖြစ်ပြီး အဓိကအားဖြင့် လားရှိုး - မူဆယ် - ချင်းရွှေဟော် ဆက်သွယ်သည့် လမ်းကြောင်းပေါ်မှ အဓိကကျသည့် သိန္နီမြို့မှ ပိတ်ဆို့တိုက်ခိုက်ခဲ့သည်ကို တွေ့ရကြောင်း၊ အလားတူ MNDAA တိုက်ခိုက်သည့် ဖြစ်စဉ်များတွင် TNLA အဖွဲ့အနေဖြင့် ထပ်ဖြည့်တိုက်ခိုက်သည်ကို တွေ့ရကြောင်း။

TNLA အဖွဲ့အနေဖြင့် ၂၀၀၉ ခုနှစ်တွင် KIA ၏ အကူအညီဖြင့် လိုင်ဇာတွင် စတင်ဖွဲ့စည်းခဲ့သည်ဟု သိရှိရကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ TNLA ၏ ရည်ရွယ်ချက်မှာ ပလောင်ဒေသရရှိရေးပင်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်ရေးဇုန်ကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ အလားတူ ၂၀၁၈ ခုနှစ်တွင် မူဆယ်မြို့ရှိ ပြည်သူ့စစ်စခန်းများနှင့် လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခဲ့သည်ကို သိရှိရသဖြင့် ဝင်ရောက်ရှင်းလင်းစဉ် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ များစွာသိမ်းဆည်းရမိခဲ့ကြောင်း။

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက သာလွန်အင်အားများ စုစည်းခြင်းနှင့် နည်းပညာသာလွန်မှုကို အသုံးချ၍ စစ်သုံးအဆင့် Drone များဖြင့် Drop Bomb များ အသုံးပြုတိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် Drop Bomb အသုံးပြုမှုမှာ ယခုအချိန်အထိ အလုံးပေါင်း ၂၅၀၀၀ ကျော်ခန့် အသုံးပြုခဲ့သကဲ့သို့ ၁၀၇ မီလီမီတာ ရှော့တိုက်ဒုံး အလုံး ၁၂၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို သိရှိရကြောင်း။

မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်မှ စတင်၍ ဖြစ်ပေါ်ခဲ့သည့် ဆူပူမှုနှင့် အကြမ်းဖက်မှုများကြောင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့များပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် စစ်ဆင်ရေးဆောင်ရွက်ချိန်တွင်လည်း အထူးကန့်သတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့်အတွက် အချို့နေရာများတွင် လုံခြုံရေးအရ တပ်ဖွဲ့ဝင်များ ထားရှိရသည်များရှိကြောင်း၊ အဆိုပါနေရာများသို့ MNDAA နှင့် ပူးပေါင်းအဖွဲ့များက Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ သာလွန်အင်အားများဖြင့် တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် မိသားစုဝင်များ၏ အသက်အန္တရာယ်လုံခြုံရေးအရ အချို့နေရာများကို စွန့်ခွာပေးခဲ့ကြောင်း၊ နယ်စပ်ဒေသဖြစ်ခြင်းကြောင့် တစ်ဖက်နိုင်ငံမှအထင်အမြင်မလွဲမှားစေရန် ကန့်သတ်ထိန်းသိမ်းဆောင်ရွက်ရပြီး အရပ်သူအရပ်သားအပြစ်မဲ့ပြည်သူများမထိခိုက်အောင်လည်း ဆောင်ရွက်ခဲ့ရခြင်းများလည်းရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်ဒေသတွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများဖြစ်လာခဲ့ခြင်းမှာ ကျားဖျန့်ဟုခေါ်သည့် အွန်လိုင်းလောင်းကစားများ မှတစ်ဆင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်းများဖြင့် လုပ်ဆောင်ခဲ့မှုများရှိကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားချိန်တွင် အသွားအလာများ တုံ့ဆိုင်းသွားသဖြင့် အွန်လိုင်းမှ လောင်းကစားများလုပ်ဆောင်ခဲ့ပြီး လုပ်ငန်းအတွက်လိုအပ်သည့် ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများကို ခေါ်ယူ၍လုပ်ဆောင်ခဲ့ရာ တရားမဝင်နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသသို့ ဝင်ရောက်ခဲ့ကြောင်း၊ ဖော်ထုတ်ရမိသည့် နိုင်ငံခြားသားများအနက် နိုဝင်ဘာ ၂၈ ရက်အထိ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးသူ ၂၀၃၅ ဦး၊ ရှာဖွေဖမ်းဆီးလွှဲပြောင်းသူ ၃၇၃၈ ဦး၊ မိမိအစီအစဉ်ဖြင့် ထွက်ခွာသူ ၃၇၉၃၆ ဦး၊ စုစုပေါင်း ၄၃၇၀၉ ဦးရှိပြီဖြစ်ပြီး အချို့မှာ လွှဲပြောင်းပေးရန်ကျန်ရှိနေသေးကြောင်း။

AA အဖွဲ့အနေဖြင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်တွင် KIA နယ်မြေတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျောက်တော်မြို့နယ်အတွင်း၌ ဒေသခံပြည်သူများအား အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် တပ်တည်ဆောက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက် တပ်မတော်မှ ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ်တွင်လည်း နယ်စပ်ကင်းစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ ပလက်ဝမြို့နယ်မှ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၁၁၈ ဦးကို ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်အတွင်း AA နှင့် တိုက်ပွဲများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် မတ် ၁ ရက်တွင် နီပွန်ဖောင်ဒေးရှင်းမှ စေ့စပ်စီစဉ်ပေးမှုဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးခဲ့ပြီး တစ်ဖက်မှလည်း အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ရုပ်သိမ်းပေးခဲ့ကြောင်း၊ ထိုအချိန်မှစ၍ AA အဖွဲ့အနေဖြင့် လူသစ်စုခြင်း၊ ပြန်ပေးဆွဲခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် တပ်စခန်းများ တိုးချဲ့ဆောက်လုပ်လာခြင်းကြောင့် မိမိတို့အနေဖြင့် အကြိမ်ကြိမ် သတိပေးဆောင်ရွက်ခဲ့ရကြောင်း၊ မိုခါမုန်တိုင်းဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ မိမိကိုယ်တိုင်သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက်တာဝန်များပေးအပ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေရှည်အကျိုးကိုကြည့်၍ မူလအခြေအနေများထက် သာလွန်ရမည်ဟု ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေအများစုကို အသုံးပြု၍ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ “ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့”ဆိုသည့်စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ပေးခဲ့သည်မှာ ယခုအခါရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ သို့သော် AA အဖွဲ့အနေဖြင့် သစ္စာမရှိဘဲ ယာယီပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကိုချိုးဖောက်၍ MND-AA အဖွဲ့နှင့်ဖြစ်ပွားသည့် ဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ မကြာခင်က ပလက်ဝဒေသရှိ လုံခြုံရေးစခန်းငယ်နှစ်ခုနှင့် ပေါက်တောမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ရဲစခန်းအချို့ကိုလည်း သာလွန်အင်အားများဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စွန့်စွန့်စားစားချေမှုန်းတိုက်ခိုက်မှုများကြောင့် ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ AA အဖွဲ့မှ ထိခိုက်ကျဆုံးမှုများပြားပြီး မိမိတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ထိခိုက်ကျဆုံးမှုရှိကြောင်း၊ AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ

*စာမျက်နှာ ၄ သို့*

# “ မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တာဝန်ရှိသည့်အတွက် သောင်းကျန်းသူချေမှုန်းရေးကို ဖိဖိစီးစီးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် မထိခိုက်ရေးတို့အတွက်ကိုလည်း တပ်မတော်သားများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိ ”

*စာမျက်နှာ ၃ မှ*

အချို့ဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ ဝန်ထမ်းများ ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ မော်တော်ယာဉ် ယာဉ်မောင်းများကို ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ရခိုင်ဒေသမှ ရခိုင်ပြည်သူများအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်၊ ပြည်နယ်တိုးတက်စေလိုသည့် စိတ်များဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုသည်ကို ပြောကြားလိုကြောင်း။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်၍ ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်မှစတင်ပြီး KNPP/KNDF အဖွဲ့အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော်အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးမှုအရ အချို့အဖွဲ့များကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် လူ၊ လက်နက်ခဲယမ်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါတိုက်ပွဲမဖြစ်မီ၌ ကယားပြည်နယ်အတွက် လက်နက်ခဲယမ်းများ ကြိုတင်စုဆောင်းခဲ့သည်ကို သိရှိရကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ၎င်းတို့အတွက် ကြိုတင်စုဆောင်းသည့် လက်နက်အလက် ၅၀၀ နှင့်ခဲယမ်းများကို ဟိုပုံးမြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည်ကို သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အလားတူ နိုဝင်ဘာ ၁၆ ရက်နေ့ကလည်း လက်နက်မျိုးစုံ ၁၃၀ လက်၊ ကျည်မျိုးစုံ ၁၃၀၀၀ ကျော်၊ လက်ပစ်ဗုံး ၇၆၀၀ ကျော်၊ လက်နက်ငယ်ပြောင်းပို ၅၀၀ ချောင်းနှင့် အခြားခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ နောက်ထပ်လည်း လက်နက်ခဲယမ်းများ သယ်ယူရန် ကြိုးပမ်းနေကြောင်း။

၎င်းဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များအရ အဆိုပါ လက်နက်ခဲယမ်းများသည် မိုင်းကိုင်နယ်မြေတွင် လှုပ်ရှားလျက်ရှိသည့် SSPP/SSA နယ်မြေမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ သယ်ယူရာတွင်လည်း PNO ပအိုဝ်းတပ်ဖွဲ့ယူနီဖောင်း ဝတ်ဆင်ထားသူများ၏ လုံခြုံရေးအကာအကွယ်ပေးမှုဖြင့် မော်တော်ယာဉ်များဖြင့် သယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းသို့ လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ပို့ဆောင်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီးရမိမှုများရှိခဲ့သဖြင့် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ခဲ့ခြင်းပင်ဖြစ်ပြီး လက်ရှိအချိန်တွင် လွိုင်ကော်ဒေသကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း။

အလားတူ KNU အဖွဲ့နှင့် ပတ်သက်၍ KNU အဖွဲ့သည် ကြီးမားသည့် တိုက်ပွဲများ မဖြစ်ပွားသည်မှာ ကြာပြီဖြစ်ကြောင်း၊ သမ္မတကြီး ဦးသိန်းစိန် လက်ထက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရရှိခဲ့ပြီး NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်းတွင် ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နတလအဖွဲ့များ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြု၍ သဘောထားတင်းမာမှုများ ရှိခဲ့ကြောင်း၊ တစ်ဆက်တည်း၌ပင် ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်တွင် ပြုလုပ်ခဲ့သည့် KNU ၏ ၁၇ ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးတွင် ထိုအချိန်က ဥက္ကဋ္ဌဖြစ်သူ စောမူတူးစေးဖိုးအား ဖြုတ်ချ၍ ဖဒိုကွယ်ထူးဝင်း ဥက္ကဋ္ဌအဖြစ် တက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ထို့နောက် KNLA တပ်မဟာ ၅၊ တပ်မဟာ ၆ တို့သည် NCA လမ်းကြောင်းပေါ်မှ သွေဖည်ခဲ့ပြီး တပ်မတော်တပ်စခန်းငယ်များနှင့် မြဝတီ၊ ကော့ကရိတ်မြို့တို့ကို နှောင့်ယှက်တိုက်ခိုက်လာခဲ့ပြီး ယနေ့ထက်တိုင် နှောင့်ယှက်တိုက်ခိုက်မှုများ ရှိနေသည်ကိုတွေ့ရကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်တွင် KNLA တပ်မဟာ ၅ အနေဖြင့် တပ်မတော်တပ်စခန်းတစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တပ်မဟာ ၆ အနေဖြင့် နိုဝင်ဘာ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်ရှိ ချောင်းနှစ်ခွတံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို တွေ့ရကြောင်း။

ယင်းတို့ကို ကြည့်မည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ နောက်ကွယ်တွင် အင်အားစုစည်းတည်ဆောက်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ အပြိုင်အဆိုင် တည်ဆောက်ထုတ်လုပ်ခြင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချပေးခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တာဝန်ရှိသည့်အတွက် သောင်းကျန်းသူချေမှုန်းရေးကို ဖိဖိစီးစီးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် မထိခိုက်ရေးတို့အတွက်ကိုလည်း တပ်မတော်သားများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောလိုပါကြောင်း။

## တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီကို လိုလားသည့် ပြည်သူလူထုနှင့်တစ်သားတည်းရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်မှ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်၍ ဖော်ဆောင်ပေးခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီစနစ်ကို သွားနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီက ပြည်သူက တောင်းဆိုတဲ့အတွက်ကြောင့် တပ်မတော်က ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။** တပ်မတော်က ဦးဆောင်ပြီးတော့မှ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးတာပါ။ အခုမှ တပ်မတော်က လိုက်ပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ထောက်ခံတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှု အရေးအခင်းပြီးတဲ့နောက်ပိုင်းကနေပြီးတော့ အဲဒီက နဝတ ကြေညာချက်တွေကို ကြည့်မယ်ဆိုရင် ဒါ တပ်မတော်က ကိုယ်စားပြုပြီး ကြေညာခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ပါတီစုံဒီမိုကရေစီကို သွားမယ်ဆိုပြီးတော့ ကျွန်တော်တို့က ပြောခဲ့တာရှိပါတယ်။ အဲဒီအတိုင်းပဲ နောက်ဆုံး ဒီ ပါတီစုံဒီမိုကရေစီစနစ်ကို အခိုင်အမာ အထောက်အကူပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီးတော့မှ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သွားခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားတဲ့အခါမှာလည်း ကျွန်တော်တို့ ဒီရွေးကောက်ပွဲလမ်းကြောင်းကို ဖော်ဆောင်သွားတာဖြစ်ပါတယ်။ ရွေးကောက်ပွဲလမ်းကြောင်းက သွားတာဖြစ်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ခဲ့တာ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်မှာ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်လုပ်ခဲ့တာ။ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ပြဿနာအနည်းအကျဉ်းရှိတာလွဲလို့ ကြီးကြီးမားမား ဘာတစ်ခုမှ မဖြစ်ခဲ့ပါဘူး။ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ရှုပ်ပျက်ဆင်းပျက်ကို မဲမသမာမှုတွေ ပြုလုပ်ခဲ့တာ ပေါ်လွင်ခဲ့ပါတယ်။ အဲဒီနောက် မရိုးသားတဲ့၊ မသန့်စင်တဲ့ မဲရလဒ်တွေနဲ့ အာဏာရဖို့အတွက်၊ အဓမ္မအာဏာရဖို့အတွက် ကြိုးစားလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရေးပေါ်အခြေအနေ ကြေညာပြီးတော့မှ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ပြီး တပ်မတော်က ဆောင်ရွက်ခဲ့တာ ကောင်စီဝင်များအားလုံး သိပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်ပြီးတော့ ဖော်ဆောင်ပေးသလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ရေးအတွက်လည်း ကျွန်တော်တို့က ဦးဆောင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်သလို ပါတီစုံဒီမိုကရေစီစနစ်လိုလားတဲ့ ပြည်သူတွေနဲ့ တပ်မတော် တစ်သားတည်းရှိကြောင်းကိုလည်း ကျွန်တော်တို့ ပြောလိုပါတယ်။ တစ်သားတည်းရှိကြောင်း ပြောလိုပါတယ်။ နိုင်ငံရေးတည်ဆောက်မှုအခန်းကဏ္ဍမှာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ကျွန်တော်ပြောလိုပါတယ်။ ဒါကတော့ လုံခြုံရေးနဲ့ပတ်သက်တဲ့ အခြေအနေနဲ့ပတ်သက်ပြီး ကောင်စီဝင်များ သိရှိနိုင်ဖို့အတွက်ပြောခြင်း ဖြစ်ပါတယ်။

**“ ကျွန်တော်တို့အနေနဲ့ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်ပြီးတော့ ဖော်ဆောင်ပေးသလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ရေးအတွက်လည်း ကျွန်တော်တို့က ဦးဆောင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်သလို ပါတီစုံဒီမိုကရေစီစနစ်လိုလားတဲ့ ပြည်သူတွေနဲ့ တပ်မတော် တစ်သားတည်းရှိကြောင်းကိုလည်း ကျွန်တော်တို့ ပြောလိုပါတယ်။ တစ်သားတည်းရှိကြောင်း ပြောလိုပါတယ်။ နိုင်ငံရေးတည်ဆောက်မှုအခန်းကဏ္ဍမှာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ကျွန်တော်ပြောလိုပါတယ် ”**

## အခြေအနေအရပိတ်ထားရသည့်တက္ကသိုလ်များအား ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်

ကယားပြည်နယ်တွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်များအနက် လွိုင်ကော်တက္ကသိုလ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းများကို အကြမ်းဖက်သမားများအနေဖြင့် ကျူးလွန်ခဲ့ကြကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်မြို့တွင်းရှိ အကျဉ်းဦးစီးဌာနအပါအဝင် နေရာအနှံ့အပြား၌ တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားလျက်ရှိသဖြင့် တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်မှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဂရုပြုဆောင်ရွက်ခဲ့ရကြောင်း၊ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ရေးနှင့် မသက်ဆိုင်သည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းပါအချက်များကို ချိုးဖောက်လျက်ရှိသဖြင့် လုံးဝလက်သင့်ခံ၍ မရကြောင်း၊ ထိခိုက်မှုမရှိဘဲ အမြန်ဆုံးပြန်လည်စေလွှတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းကို သတင်းထုတ်ပြန် တိုက်တွန်းခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံများနှင့် ဘာသာသာသနာပြု အဖွဲ့အစည်းများ၏ တိုက်တွန်းချက်များအရ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များကို ရေရှည်ခေါ်ထားရန် မရသည့်အတွက် ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားခဲ့သူများကို ပြန်လည်စေလွှတ်ပေးခဲ့ရာ ယခုဆိုပါက ဖမ်းဆီးခြင်းခံရသူ ၂၀၄ ဦးရှိသည့်အနက် ၁၁ ဦးသာ ပြန်လည်ရောက်ရှိရန်ကျန်ရှိမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏လုပ်ရပ်ကြောင့် လွိုင်ကော်တက္ကသိုလ်တွင် ဖြေဆိုမည့် အဝေးသင်တက္ကသိုလ်စာမေးပွဲများ ဖျက်သိမ်းခဲ့ရပြီး စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအနေဖြင့် ထိခိုက်နစ်နာခဲ့ကြရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ခဲ့ရကြောင်း၊ အလားတူ လွိုင်ကော်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်တို့ကိုလည်း ပိတ်ခဲ့ရကြောင်း၊ လွိုင်ကော်ကဲ့သို့ပင် ဟားခါးတက္ကသိုလ်သည်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်မှစတင်၍ တက္ကသိုလ်အားလုံးကို ပုံမှန်အတိုင်းဖွင့်လှစ်ထားသည်ဖြစ်သော်လည်း အချို့သော နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လာရောက်ရန်အခွင့်အလမ်းနည်းပါးသဖြင့် ကျောင်းတက်ရောက်သူနည်းပါးမှုများရှိကြောင်း၊ အခက်အခဲရှိသည့်အတွက်ကြောင့် ပိတ်ထားရသည့် ကျောင်းများလည်းရှိကြောင်း၊ အခြေအနေပေးခဲ့မည်ဆိုပါက အဆိုပါကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်မြေအခြေအနေအရ တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၏ အသက်ဘေးအန္တရာယ် လုံခြုံစိတ်ချမှုရှိစေရေးအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ ပုံမှန်အတိုင်းဖွင့်လှစ်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

### စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ မှန်မှန်ကန်ကန်ဖြစ်စေရေး အရေးယူကြပ်မတ်ဆောင်ရွက်လျက်ရှိ

နောက်တစ်ချက်အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီကိစ္စဖြစ်ပြီး ယခင်အစည်းအဝေးများ၌လည်း လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စက်သုံးဆီနှင့် ပတ်သက်၍ သတ်မှတ်ဈေးနှုန်းထက် မတန်တဆ အမြတ်ယူရောင်းချခဲ့သည့်ကုမ္ပဏီ ၈ ခုနှင့် သာမန်အားဖြင့် ထိုက်သင့်သည့်နှုန်းများထက် အမြတ်တင်၍ ရောင်းချခဲ့သည့် ကုမ္ပဏီများကို စည်းမျဉ်းဥပဒေနှင့် အညီ အရေးယူခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍လည်း တာဝန်ရှိသည့်အဖွဲ့များ ဖွဲ့စည်း၍ အရေးယူဆောင်ရွက်လျက်ရှိသည်ကို ပြောလိုပါကြောင်း၊ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများကိုလည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် အညီဖြစ်စေရေး စည်းမျဉ်းချိုးဖောက်သူများကို ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ စက်သုံးဆီ ၊ စားသုံးဆီနှင့် ပတ်သက်၍ ဥပဒေနှင့် မညီသည့် ဆောင်ရွက်မှုများတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်များကိုလည်း အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် နှစ်ဦးကိုလည်း ပြင်းထန်သည့် အရေးယူခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းအချို့ကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နေသည်ကို အသိပေးလိုပါကြောင်း။

### ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ ပြည်ပမှ ဝင်ငွေရရှိရေးနှင့် ပတ်သက်၍ ဝင်ငွေတွင် ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေနှင့် ကုန်သွယ်မှုမဟုတ်ဘဲ အခြားနည်းမှရရှိသည့် ဝင်ငွေဟူ၍ရှိကြောင်း၊ Non–Trade မှ ရရှိသည့် ဝင်ငွေတွင် ထောက်ပံ့ငွေများ၊ ချေးငွေများ၊ အခွန်အခများ၊ ပြည်နယ်ရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်မှုမှ ဝင်ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ရရှိငွေများဟူ၍ရှိကြောင်း၊ ခိုင်မာသည့် ဝင်ငွေမှာ ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေပင်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်၍ များစွာပြောကြားခဲ့ပြီးဖြစ်ပြီး မိမိတို့သည် ယခင်ကတည်းကပင် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့်သာ နိုင်ငံခြားငွေလိုအပ်ချက်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုမှ ရရှိသည့် ဝင်ငွေသည် ပို့ကုန်(Export)ထက် သွင်းကုန်(Import) က ပိုမိုများပြားနေသဖြင့် လိုငွေပြနေခြင်းဖြစ်ကြောင်း၊ ပို့ကုန်(Export) နည်းပါးခြင်းသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကြောင့် မဟုတ်ဘဲ အလုပ်မလုပ်သည့်အတွက်သာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လုပ်ကိုင်စားသောက်နိုင်မည့် ရေမြေသယံဇာတနှင့် ရာသီဥတုတို့ကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အလုပ်ကိုဖိဖိစီးစီး ဆောင်ရွက်မှုမရှိသောကြောင့် ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအစိုးရ တက်လာခဲ့ပြီး ယခင်က ဆောင်ရွက်ခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်လည်ပတ်ရန် အားပေးမှုမရှိခြင်း၊ ပုဂ္ဂလိကပိုင်လွှဲပြောင်းပေးခြင်း၊ ဖျက်သိမ်းခဲ့ခြင်းတို့ကို လုပ်ဆောင်ခဲ့သောကြောင့် ယခင်က နိုင်ငံ့စီးပွားရေးတွင် အဓိကမဏ္ဍိုင်အဖြစ်ရှိခဲ့သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် အားနည်းမှုများဖြစ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် GDP နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ GDP သည် အလုပ်လုပ်မှ တိုးတက်မည်ဖြစ်ကြောင်း၊ မိမိမကြာခဏ ပြောသကဲ့သို့ပင် ထုတ်ကုန်ပစ္စည်းမရှိဘဲ ရောင်းကုန်ပစ္စည်းရမည်မဟုတ်ကြောင်း၊ ရောင်းကုန်ပစ္စည်းရမှသာလျှင် ဝင်ငွေရနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားသည့် နယ်မြေဒေသများသို့ ရောက်ရှိချိန်တွင် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများ ပပျောက်စေရေးအတွက် သတင်းအချက်အလက်များ မှန်ကန်စွာရရှိရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

◆ **သတင်းအတုများနှင့် ပတ်သက်၍ မဟုတ်မမှန်ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရ၊ မဖြစ်နိုင်ဖွယ် သတင်းမှား၊ သတင်းအတုများဖြစ်သော်လည်း ပြည်သူလူထုကို အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကို သိရှိစေရေး ဆောင်ရွက်သွားရန်လို**

နောက်တစ်ချက်အနေဖြင့် သတင်းအတုများနှင့် ပတ်သက်၍ မဟုတ်မမှန် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မဖြစ်နိုင်ဖွယ် သတင်းမှား၊ သတင်းအတုများဖြစ်သော်လည်း ပြည်သူလူထုကို အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကို သိရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းနှင့် သတ္တုသယံဇာတများအား တိုင်းရင်းသားလက်နက်ကိုင်များမှ တရားမဝင်တူးဖော်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ကယားပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှု၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်ရပ်မှန်များကို တိုင်းရင်းသားပြည်သူများအားလုံးသိရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်မှု၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ပြည်ပအင်အားကြီး အနောက်အုပ်စုနိုင်ငံအချို့မှ ဝင်ရောက်စွက်ဖက်လျက်ရှိမှုနှင့် အခြားကိစ္စရပ်များကို အသီးသီးတင်ပြကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများ ပပျောက်စေရေးအတွက် သတင်းအချက်အလက်များ မှန်ကန်စွာရရှိရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အခွန်ရှောင်နေသူများစွာရှိကြောင်း၊ အခွန်အကောက်နှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ရရှိရေးသည် အရေးကြီးကြောင်း၊ ကောလာဟလသတင်းများကြောင့် ဘဏ်များမှ ငွေပြန်လည်ထုတ်ယူသူများ ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မရှိတော့ပါကြောင်း၊ ဘဏ်များ၏လုံခြုံရေးနှင့် ပတ်သက်၍ ပုဂ္ဂလိကဘဏ်များ၏ လုံခြုံရေးရှိသကဲ့သို့ အစိုးရဘဏ်များ၏ လုံခြုံရေးလည်းရှိကြောင်း၊ ဘဏ်လုံခြုံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဖြစ်စဉ်များကို ပြန်ကြည့်ပါက ဘဏ်ဝန်ထမ်းများသည် အဖျက်အမှောင့်လုပ်ငန်းများတွင် ပါဝင်နေသည်ကို တွေ့ရကြောင်း၊ ဘဏ်ဝန်ထမ်းများ၏ လုပ်ဆောင်ချက်သည် များစွာအရေးပါကြောင်း။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ငွေရလွယ်သည့်ဘဏ်များကို အဓိကထား တိုက်ခိုက်လာကြသည်ကို တွေ့ရကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်က ကောလင်းမြို့ရှိ ပုဂ္ဂလိကဘဏ်တစ်ခုအား PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံဘဏ်ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေများလုယူခဲ့ရာ ဘီလီယံ ၄၀ ကျော် ဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကဘဏ်လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့များဖြင့် ဆောင်ရွက်စေလျက်ရှိပြီး အလွန်အရေးကြီးသည့် ဘဏ်များတွင်သာ တပ်မတော်သားများဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။ *စာမျက်နှာ ၆ သို့*

❖ **စက်သုံးဆီနှင့်ပတ်သက်၍ သတ်မှတ်ဈေးနှုန်းထက် မတန်တဆအမြတ်ယူရောင်းချခဲ့သည့်ကုမ္ပဏီ ၈ ခုနှင့် သာမန်အားဖြင့် ထိုက်သင့်သည့်နှုန်းများထက် အမြတ်တင်၍ရောင်းချခဲ့သည့် ကုမ္ပဏီများကို စည်းမျဉ်းဥပဒေနှင့်အညီ အရေးယူခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်**

❖ **စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများကိုလည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး စည်းမျဉ်းချိုးဖောက်သူများကို ဥပဒေအရ အရေးယူခြင်းများဆောင်ရွက်ခဲ့**

❖ **စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ ဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုများတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်များကိုလည်း အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် နှစ်ဦးကိုလည်း ပြင်းထန်သည့် အရေးယူခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ တာဝန်ရှိသည့်နိုင်ငံ့ဝန်ထမ်းအချို့ကိုလည်း ထိထိရောက်ရောက်အရေးယူဆောင်ရွက်နေသည်ကို အသိပေးလို**

*စာမျက်နှာ ၅ မှ*

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံအတွင်း၌ အရင်းအနှီးရှိသူများအနေဖြင့် ထိုငွေများကို တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတတ်နိုင်သဖြင့် တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်းမရှိကြသည်ကို တွေ့ရကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် မိမိတို့၏ ငွေကြေးများကို အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့်မျိုး၊ နည်းပညာ၊ အစားအစာ၊ မြေသြဇာ၊ ရေရရှိရေးစသည်တို့ကို ဦးဆောင်စည်းရုံးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသောကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုပါက နိုင်ငံတော်အနေဖြင့် အားပေးရန် အဆင်သင့်ရှိပါကြောင်း၊ ထို့အတူ MSME လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုပါကလည်း သက်ဆိုင်ရာဌာနများအနေဖြင့် အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွား မြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူဖြစ်**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောင်းနှင့် နေကြာကို ပိုမိုစိုက်ပျိုးပေးနိုင်မည့် အခြေအနေကို တွေ့ရကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုးစပါးစိုက်ပြီး အခြားသီးနှံစိုက်သည့် သီးထပ်စွမ်းအား အလွန်နည်းသည်ကို တွေ့ရကြောင်း၊ မိုးသီးနှံစိုက်ပျိုးပြီးပါက သီးထပ်စိုက်ပျိုးနိုင်သည့် သီးနှံများမရှိသောကြောင့် လယ်ယာမြေများ အလဟဿဖြစ်ပြီး အကျိုးမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိုးသီးနှံစိုက်ပျိုးပြီးချိန်၌ ပြောင်းသီးနှံနှင့် နေကြာသီးနှံတို့ကို စိုက်ပျိုးပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ကော်ဖီစိုက်ပျိုးရေးကို အားပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းတစ်ခုကို ဆောင်ရွက်ပါက မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံအတွက်အကျိုးဖြစ်ထွန်းမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စိတ်ဝင်တစားဖြင့် မေးမြန်းအကြံပေး တိုက်တွန်းပြောကြားရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူဖြစ်ကြောင်း၊ အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အားပေးရန် လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ဒေသသုံးခုရှိကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ယခု ဖြစ်ပွားခဲ့သည့် ပြဿနာများကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ တက္ကသိုလ်များပိတ်ထားရကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် ပညာရေးတွင် နောက်ကျကျန်ခဲ့ကြောင်း၊ ယခုအချိန်တွင် လက်နက်ကိုင်ပြီး အာဏာလိုချင်သည့်သူများ ပေါ်ပေါက်လာပါကြောင်း၊ ယင်းစိတ်ဓာတ်များကို ပြုပြင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို သွားရန် ပညာတတ်များ လိုအပ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်ကဦးဆောင်၍သွားမည်၊ ပြည်သူကလည်းလိုချင်သည့်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်ဟူသည့် ဦးတည်ချက်များကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဦးဆောင်ပြီး ခိုင်ခိုင်မာမာတည်ဆောက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့သွားရောက်လေ့လာ၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 44th PLA Navy Escort Task Group (ETG) မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo နှင့် ဖရီးဂိတ်စစ်ရေယာဉ် Jing Zhou တို့ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများက သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ စစ်ရေယာဉ်များကို လာရောက်လေ့လာသော တပ်မတော်(ရေ)မှ အရာရှိကြီးများအား စစ်ရေယာဉ်များ၏ အဖွဲ့ခေါင်းဆောင် Senior Captain Sun Bo နှင့် တာဝန်ကျတပ်ဖွဲ့တို့မှ ကြိုဆိုခဲ့ကြပြီး ရေယာဉ်ပေါ်တွင် လိုက်လံရှင်းလင်းပြသပေးကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

ထို့နောက် ဖျက်သင်္ဘော Zi Bo ပေါ်၌ ညစာစားပွဲပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် နှစ်နိုင်ငံမှ အရာရှိများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် သန်လျင်တပ်နယ်အားကစားခန်းမတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း**(အောက်ပုံ)** နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များအနေဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာအုပ်စု ရွှေးစုကျေးရွာသို့သွားရောက်ပြီး သစ်လွင်လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ၅၂ ဦး၏ လယ်မြေ ၁၃၁ ဧကတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးခဲ့သော GW-11 စပါးခင်းများနှင့် ဆင်းသုခစပါးခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။**(အောက်ပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေးစုကျေးရွာရှိ စိုက်ပျိုးရေးအသိပညာ ပြန့်ပွားရေးစင်တာ၌ သမဝါယမအသင်းသား တောင်သူများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းချိတ်ဆက်ကာ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်လည်း လိုအပ်သည့်ပံ့ပိုးမှုများနှင့် မြေသြဇာ၊ သွင်းအားစု၊ မျိုး၊ စက်ယာဉ်ယန္တရားများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း၊ အသင်းသားတောင်သူများ အနေဖြင့်အထွက်နှုန်းကောင်းပြီး ဈေးကွက်သေချာသည့်မျိုးစပါးများ ပြောင်းလဲစိုက်ပျိုးကြစေလိုကြောင်း၊ အထွက်တိုး စပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝမြေသြဇာများကို အချိုးကျကျ ရောနှောအသုံးပြု ကြစေလိုကြောင်း၊ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေး အတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် မှာကြားပြီး သမဝါယမအသင်းသား တောင်သူများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့၌ အရှိုချင်းရိုးရာကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကြီးမှူးကျင်းပသော အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့က အင်္ဂပူမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းရိုးရာ ပဆန်းဆရာက ရိုးရာမပျက် ပဆန်းဖွယ်ခြင်းကို ဆောင်ရွက်သည်။ ထို့နောက် တိုင်းဒေသကြီး



ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ချင်းတိုင်းရင်းသားများ အများစု မှီတင်းနေထိုင်ကြသည့် ကြံခင်း၊ မြန်အောင်၊ အင်္ဂပူမြို့နယ်များကို အခြေခံပြီး အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို အင်္ဂပူမြို့၌ ရိုးရာအစဉ်အလာမပျက် ကျင်းပဆောင်ရွက်နိုင်ခြင်းသည် တိုင်းဒေသကြီး၏ တည်ငြိမ်အေးချမ်းမှုရှိခြင်းနှင့် နယ်မြေဒေသ၏ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်မှုများကြောင့် ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ တိုင်းရင်းသားစာပေ သင်ကြားရေး၊ တိုင်းရင်းသားရိုးရာ ဓလေ့ပွဲတော်များ၊ နေ့ထူးနေ့မြတ်များနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များအား အစဉ်အလာမပျက် ကျင်းပနိုင်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက အရှိုချင်းရိုးရာကောက်သစ်စားပွဲတော်အကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် သက်ကြီးဘိုးဘွားများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အလှူငွေများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ချင်းရိုးရာဝါးညှပ်အက၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော်မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးထုတ်ကုန်မြှင့်တင်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အားကောင်းသော အယ်လ်နီညိုဆက်လက်တည်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့်လေထုဖြစ်စဉ်များမှာ အားကောင်းသောအယ်လ်နီညို အခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာၤပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အားကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ အယ်လ်နီညိုအခြေအနေမှာ တဖြည်းဖြည်း ပြန်လည်လျော့ကျလာနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။။ သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

**မိုး/ဇလ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၁ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ**
**[THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY] ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ ရွှေနှင်းဆီလမ်း၊ အခန်း (၀၀၂)၊ တိုက် (၁၀)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY]** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY]** ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၄ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၂ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၉ ရက် )

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ**
**(THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ စကားတောင်ရပ်၊ ပုထိုးကြီးလမ်း၊ အမှတ် (၄၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၄၅) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့်



**နေပြည်တော် နိုဝင်ဘာ ၂၉**
မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း(Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် ထူးချွန်အောင်မြင်သည့် အားကစားသမားများကို အလုပ်နေရာခန့်အပ်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဆုကြေးငွေများ ဂုဏ်ပြုချီးမြှင့်ပေးခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများကိုလည်း ၎င်းတို့၏ စွမ်းဆောင်ခဲ့မှုအပေါ် မူတည်ပြီး ပင်စင်လစာကဲ့သို့ ထောက်ပံ့ကြေးများကို လစဉ်ပံ့ပိုးပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်မှ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများကို ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်ထိုက်တန်တန် ပေးအပ်ခဲ့ပါကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်တွင်ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် ရွှေ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးရယူပေးမည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်အနေဖြင့် အားကစားလောကအဆင့်အတန်းအောင်မြင်တိုးတက်စေရေးအတွက် မီဒီယာပိုင်းနှင့် အကြံဉာဏ်ကောင်းများဖြင့် ဝေဖန်အကြံပြုချက်များပေးသွားရန် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ၂၀၂၂ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုများ ရွေးချယ်ခဲ့မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အကောင်းဆုံး အားကစားသမားဆုရရှိခဲ့သူများ၏ Video Clip များကို ပြသသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲမှ ရေကူးအားကစားသမား မောင်အောင်မြင့်မြတ်နှင့် ပြေးခုန်ပစ်အားကစားသမား မထက်ထက်အေးတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ စီ ပေးအပ်ချီးမြှင့်သည်။**(အပေါ်ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ဘောလုံးအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် ပေါင်းလောင်း အားကစားကွင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရန်အတွက် ပြည်သူလူထုအား စည်းရုံးဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် အားကစား အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးကူညီဖြည့်ဆည်းပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး သည် လယ်ဝေးမြို့နယ်ရှိ အားကစားလေ့ကျင့်ရေးစခန်း Training Centre – 2 သို့ ရောက်ရှိစဉ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်မည့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်အားကစားသမားများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေမှုရှိစေရန် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ သဘာဝဘေးအသိပညာပေး ဟောပြော

**သာယာဝတီ နိုဝင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွဲသတ် ကျေးရွာအုပ်စု အ.ထ.က (သဲဖြူ) ကျောင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သာယာဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျွဲသတ်ကျေးရွာအုပ်စု အ.ထ.က (သဲဖြူ) ကျောင်း၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက ဌာန၏ ရည်ရွယ်ချက်နှင့် သဘာဝဘေးနှင့် ပတ်သက်သည့် ငလျင်ဘေး၊ ရေဘေး၊ လေပြင်းဘေး၊ မုန်တိုင်းဘေး၊ မိုးကြိုးဘေး အန္တရာယ် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားကာ ကျောင်းသားကျောင်းသူများအား လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၉**
ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ ကျိုင်းတုံမြို့၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အသံမစဲဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲ တက်ရောက်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၉**

အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာ ဥဒ္ဒသျှစ်ကုန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃာ့ဝန်ဆောင်ရပ်ကျေးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သီရိမင်္ဂလာဥဒ္ဒသျှစ်ကုန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလာစရိယအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။(ယာပုံ)

အခမ်းအနားတွင် သီရိမင်္ဂလာဥဒ္ဒသျှစ်ကုန်းကျောင်း ပဓာန နာယကဆရာတော်ထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီရိမင်္ဂလာဥဒ္ဒသျှစ်ကုန်းကျောင်း ပဓာန နာယက ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ရွှေလွှမ်းတောင်ကျောင်းနှင့်ဘုရားငါးဆူကျောင်းတိုက်တို့တွင် သံဃာတော်အရှင်သူမြတ်များ ဥပ္ပါတသန္တိပါဠိတော်ရွတ်ဖတ်ပူဇော်နေမှုကို သွားရောက်ကြည်ညိုသည်။



အဆိုပါ အသံမစဲဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ ၁၀ ရက်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသောအလုပ်ဌာနများမှ အာမခံအလုပ်သမားများကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံ အလုပ်သမားများအား အကျိုးခံစားခွင့်များ ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အာမခံအလုပ်သမားများနှင့် အကျိုးခံစားခွင့် လက်ခံရယူမည့်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုနယ်မြေအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အရ ဆေးဖိုးကုန်ကျစရိတ်များ ပြန်လည်ပေးအမ်းခြင်းနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အရ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစုများအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိမြို့နယ်လူမှုဖူလုံရေးရုံး ၇၈ ရုံးတွင် အလုပ်ဌာန ၃၅၄၃၀ နှင့် အလုပ်သမား ၁၂၅၃၃၆၆ ဦး အကျုံးဝင်မှတ်ပုံတင်ထားပြီး ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့်အလုပ်ဌာန ၁၀၇၄ ဌာန၊ အာမခံအလုပ်သမား ၂၆၅၆၅ ဦး ရှိကြောင်း။

အာမခံ အလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှု၊ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့်အလုပ်တွင်ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက် ခံယူခွင့်တို့အတွက် “One for all , All for one” (စုပေါင်းခြင်းဖြင့်ဖူလုံအံ့) ဆိုသည့် လူမှုဖူလုံရေးဆောင်ပုဒ် နှင့်အညီ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ခြင်းကြောင့် အလုပ်ရှင်များအနေဖြင့် မိမိအလုပ်သမားများအား ဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးများပေးသွင်းခြင်း၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ယူခြင်းဖြင့် အလုပ်သမားများ၏အကျိုးကို နစ်နာဆုံးရှုံးမှု မရှိအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ပြည်ထောင်စုနယ်မြေ အတွင်း အကျုံးဝင် မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမား ၁၄ ဦးအား အကျိုးခံစားခွင့် ငွေကျပ် ၂၄၄၄၀၃၆၈ ကို လက်ရောက်ခွင့်ပြု ထုတ်ပေးခဲ့သည်။ လူမှုဖူလုံရေးဥပဒေသစ်စတင်အကောင်အထည်ဖော်သည့် ၂၀၁၄ ခုနှစ်မှစ၍ ယနေ့အထိ လက်ရှိအကောင်အထည်ဖော်နေသော အာမခံစနစ်နှစ်မျိုးအောက်မှ ခွင့်ပြုထုတ်ပေးနေသည့် အကျိုးခံစားခွင့် ၁၅ မျိုးအတွက် တစ်နိုင်ငံလုံးအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အောက်တိုဘာအထိအကျိုးခံစားခွင့်အမှုတွဲ ၁၈၅၃၁၄ မှုအတွက်ငွေကျပ်၁၂၀၀၅ဒသမ၉၇၂ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

(၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပသည်။



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီမှ အမျိုးသားအောင်ပွဲနေ့ကျင်းပရေးဗဟိုကော်မတီဝင် အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ ဆောင်ပုဒ်တို့နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။(**အောက်ဝဲပုံ**)

ထို့နောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပပြီးစီးမှုအစီရင်ခံစာကို ကောက်နုတ်တင်ပြပြီး အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့စီမံချက်နှင့် ဆုံးဖြတ်ရန်ကျန်ရှိသည့် အချက်များကို တင်ပြရာ ဗဟိုကော်မတီဝင်များက ဆွေးနွေးဆုံးဖြတ် အတည်ပြုကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက် လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြကြရာ အမျိုးသားအောင်ပွဲနေ့ အကြိုလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရေးနှင့် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို စီမံချက်နှင့်အညီ အောင်မြင်စွာ ကျင်းပသွားရေး ညှိနှိုင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးမိတ်မြို့နယ်၌ မိုးစပါး ဆင်းကေရီ-၃ စပါးများ စတင်ရိတ်သိမ်း

**မိုးမိတ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်သည် စပါးသီးနှံကို အဓိက စိုက်ပျိုးသည့်မြို့နယ်ဖြစ်ပြီး ဆင်းကေရီ-၃ စပါးကို အဓိကထား စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ နိုဝင်ဘာလ အစောပိုင်းမှစတင်၍ ရိတ်သိမ်းကြကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ၁၉၈၁ ခုနှစ်နှင့် ၁၉၈၂ ခုနှစ်များတွင် စပါးမျိုး ၁၂ မျိုးကို မိုးမိတ်မြို့နယ်အတွင်းရှိ လယ်ကြီး၊ ရွှေဇာလီ၊ ညောင်ပင်စောက်၊ မကျည်းပင်၊ လက်ခုပ်ပင်ကွင်းများတွင် မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းများ ဆောင်ရွက်ခဲ့ရာမှ ဆင်းကေရီ-၃ စပါးသည် အထွက်နှုန်း၊ အရည်အသွေးနှင့် စားသုံးမှုကောင်းမွန်သဖြင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ယနေ့အချိန်အထိ မိုးမိတ်ဒေသတွင် ဆင်းကေရီ-၃ စပါးမျိုးကို အဓိကထားစိုက်ပျိုးထုတ်လုပ်လာကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးမိတ်မြို့နယ်၌ စပါးသီးနှံစုစုပေါင်း စိုက်ဧက ၁၇၅၁၇ ဧက စိုက်ပျိုးလျက်ရှိပြီး မိုးမိတ်မြို့နယ်သည် လယ်ယာလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုလုပ်လျက်ရှိရာ မိုးမိတ်ဒေသထွက် ဆင်းကေရီ-၃ (ရှမ်းဆန်) ကို နိုဝင်ဘာလအစောပိုင်းမှ စတင်၍ ရိတ်သိမ်းလျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်း၊ လူဖြင့်ရိတ်၍ စက်ဖြင့်ခြွေလှေ့ခြင်း စသည်ဖြင့် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မင်းရန်အောင်၊ မော်ဖဒေသနှင့် မက်မန်းမြို့သာယာ

မြင့်စိုး(နတလ)

**မင်းရန်အောင်ဆိုသည်မှာ**

မင်းရန်အောင်ဟု ဝိဂြိုဟ်ပြုလိုက်သည်နှင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် မက်မန်းမြို့လေးမှာ တည်ရှိနေသော လက်ာဒီပဘုန်းတော်ကြီးကျောင်းအနီး ကုန်းတော်ပေါ်က မင်းရန်အောင်စေတီတော်မြတ်ကို ရည်ညွှန်းဦးခိုက်လိုက်တာလည်း ဖြစ်နိုင်သည်။ မင်းရန်အောင်စစ်ဆင်ရေးဖြင့် ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များက ၁၉၇၉ ခု နိုဝင်ဘာလ ၂၃ ရက်နေ့၌ သံလွင်မြစ်ကူးစစ်ဆင်ရေးကြီး စတင်ဆင်နွှဲပြီး မော်ဖဒေသအား ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ခဲ့ကြသည့် ဖြစ်စဉ်ပန်းချီကားကို ပြန်လည်ခြယ်မှုန်းပြတာလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် အဆိုပါမော်ဖဒေသတွင် နှစ်ပေါင်း ၂၀ ကျော် ဝင်ရောက်ခြေကုပ်ယူထားပြီး လွယ်လ၊ လားဟူ၊ ရှမ်း တိုင်းရင်းသားများအပေါ် ဖိနှိပ်ခြယ်လှယ်နေသည့် ဗကပတို့ကို အောင်မြင်စွာ ရှင်းလင်းတိုက်ထုတ်နိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် တည်ပေးခဲ့သော မင်းရန်အောင်ကျေးရွာလေးနှင့် တစ်စုံတစ်ရာ ပတ်သက်နေတာလည်း ဖြစ်တန်ရာ၏။

အခြားသူတွေကတော့ မည်သို့ရှိမည် မပြောတတ်၊ ကျွန်တော့်အဖို့ရာမူ မင်းရန်အောင်ဆိုသည့် အသံကြားလိုက်သည်နှင့် လွန်ခဲ့သော ၃၅ နှစ်ခန့်က စတင်ခဲ့ကြသည့် မော်ဖဒေသ ဖွံ့ဖြိုးရေးပုံရိပ်များက တဖျပ်ဖျပ် လူးလွန့်လှုပ်ခတ်လာသည်။ မင်းရန်အောင်ဘုရားကုန်းတော်ဆီက ဆည်းလည်းသံလေးများကို ကြားယောင်လာသည်။ အို - မက်မန်းမြို့လေးရေ...။ အသင်နှင့် အကျွန်ုပ်ကြားမှာ သံယောဇဉ်ကြိုးတွေ အထပ်ထပ်ရစ်ပတ်နှောင်ဖွဲ့လိုက်ပုံများ သင်ရှိရာအရပ်ကို လေးကြိမ် လေးခေါက် မြောက်အထိ ရောက်ရှိလို့လာခဲ့ရပြီကောလေ...။

**ချစ်၍လွမ်းခဲ့ကြသူတွေ**

"သမီးအမျိုးသားက ဆွတ်ဝိုးတိုက်နယ်ဆေးရုံမှာ လွန်ခဲ့တဲ့ ၂၆ နှစ်က ကွယ်လွန်ခဲ့တဲ့ ဆရာဝန်ပါ အဘ"

"ဒေါက်တာ တင်ထွန်းဝင်းလား သမီး"

"တင်ထွဋ်ဝင်းပါ အဘရှင့်"

"မှတ်မိပြီ၊ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်တုန်းက အဘရဲ့ ဆောင်းပါးတွေထဲမှာ ထည့်ရေးပြီး ဂုဏ်ပြုပေးခဲ့သေးတယ်"

သူတို့အကြောင်း ကျွန်တော်ရေးဖြစ်ခဲ့သည်က လည်း နှစ်ပေါင်း ၂၀ ကျော် ဆယ်စုနှစ် နှစ်ခုပင် ကြာညောင်းခဲ့ပြီဆိုတော့ကာ ဆေးရုံများနှင့် နာမည်တွေကိုတွဲ၍ အပြေးအလွှား စဉ်းစားရင်း ရုတ်တရက် ပြောလိုက်ရချိန်မှာ ဒေါက်တာတင်ထွဋ်ဝင်းကို တင်ထွန်းဝင်းဟု ပြောလိုက်မိသည်။ နာမည်တစ်လုံး လွဲ၍သွားသည်မှအပ သူတို့ဘဝ၊ သူတို့အကြောင်း၊ သူတို့ရဲ့ စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်မှုများကို ယနေ့အထိ ကျွန်တော်မမေ့သေးပါ။



မက်မန်းမြို့တွင် တည်ထားသော မင်းရန်အောင်စေတီတော်။

သူတို့ဆိုသည်က နယ်စပ်ဒေသ ဆေးရုံအသီးသီးမှာ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြသော ဆရာဝန်များ၊ သူနာပြုများ ဖြစ်ပါသည်။ 'ဝ'ဒေသ ဝိန်းကောင်ဆေးရုံမှ ဒေါက်တာ သန်းအောင်၊ ပန်ဆန်းဆေးရုံမှ ဒေါက်တာအေးကိုနှင့် ဒေါက်တာဝင်းလှိုင်၊ မိုင်းမောဆေးရုံမှ ဒေါက်တာ မျိုးမင်း၊ မော်ဖဒေသ ဆွတ်ဝိုးဆေးရုံမှ ဒေါက်တာတင်ထွဋ်ဝင်း၊ ကချင်ဒေသ ဆဒုံးဆေးရုံမှ ဒေါက်တာကျော်ကျော်အောင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းဆေးရုံမှ ဒေါက်တာ ညီညီတင်တို့ ဖြစ်ကြသည်။

ဒါကလည်း ကျွန်တော် မှတ်တမ်းပြုခဲ့မိသမျှ အရေအတွက်ပဲ ဖြစ်ပါလိမ့်မည်။ သူနာပြုတွေထဲမှာလည်း တန့်ယန်းမြို့ကနေ သံလွင်မြစ်ကိုကူးပြီး အရှေ့ဘက်ကို တက်သွားရသည့် ပန်ဖိန်းကျေးလက်ကျန်းမာရေးဌာနက ဒေါ်ခင်ဝင်းမေ ဆုံးပါးသွားတာကို အမှတ်ရမိသည်။ ဆိုလိုသည်မှာ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၁ အချိန်ကာလများသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထဲက ကိုးကန့်၊ 'ဝ'၊ SSA၊ မိုင်းလားအထူးဒေသ(၄)၊ NDA (ဗကပ ၁၀၁ စစ်ဒေသ)၊ KDA (ကောင်းခါး)၊ PNO၊ PSLA စသည့်အဖွဲ့များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးစ အချိန်၊ တပ်မတော်အစိုးရက လည်း ၎င်းတို့ အခြေပြုရာဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအစရှိသည့် လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးချိန်၊ ဆိုတော့ကာ... အချို့နေရာဒေသများသည် သွားရေးလာရေး၊ နေရေးထိုင်ရေး အလွန်ခက်ခဲပါသည်။

ထိုဒေသများမှာ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် နတလ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ မွေးကု၊ ကုန်သွယ်ရေးဝန်ထမ်းများအနေဖြင့် ဒေသခံတိုင်းရင်းသားများအပေါ် စေတနာထားကာ အရာရာကို စွန့်လွှတ်အနစ်နာခံဆောင်ရွက်ခဲ့ကြရသည်။

ရုံး မရှိ၊ ဖုန်း မရှိ၊ စီးစရာ ကား၊ ဆိုင်ကယ် မရှိ၊ နေစရာ ဝန်ထမ်းအိမ်ရာ မရှိ၊ သွားဖို့ရာအတွက် ကိုးခြောက်ကိုးသုံးဟု နောက်ပြောင်ခေါ်ဝေါ်ခဲ့ကြသည့် မိမိပိုင် ခြေထောက်တစ်စုံ၊ တဲအိမ်လေးတစ်လုံးသည် ယာယီဆေးရုံ ဆေးခန်းလည်း ဖြစ်ချင်ဖြစ်မည်။ စာသင်ကျောင်းလည်း ဖြစ်ချင်ဖြစ်မည်။ ဤကဲ့သို့ စတင်ခဲ့ရသော နယ်စပ်ဖွံ့ဖြိုးရေးဝန်ထမ်းများ၏ဘဝမှာ အခက်အခဲဆုံးပြဿနာက ရောက်ရှိရာဒေသ၏ တိုင်းရင်းသားဘာသာစကားကို မပေါက်ခြင်းပင်ဖြစ်၏။ လူနာက ဆေးရုံကို အလွန်နောက်ကျပြီးမှ ရောက်လာသည်။ အတတ်နိုင်ဆုံး ပေးပါနှင့်ဟု သက်ဆိုင်ရာလူကြီးတွေကို ပြောလာသည်အထိ ရင်းနှီးချစ်ခင်မှုတွေ ရလာကြသည်။ သည်လိုနှင့် ပြန်လည်ပြောင်းရွှေ့ရမည့်အချိန် ရောက်သော်ငြားလည်း ဒေသနှင့် တိုင်းရင်းသားများ အပေါ် သံယောဇဉ်ငြိတွယ်ကာ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သူတွေကို တွေ့မြင်ခဲ့ရ၏။ သို့တစေ ဤကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နေရာဒေသများက ဆရာဝန်များခမျာ သူကိုယ်တိုင် ရောဂါတွေရ၊ အပြင်းဖျားတာမျိုးတွေနှင့် ကြုံရသော အခါ ကုသပေးမည့်သူ မရှိတော့ပေ။ အသက်စွန့်သွားကြရရှာသည်။ ယခုချိန်မှာ ပြန်တွေးကြည့်လျှင်တော့ အရာရာသည် အမှတ်ရစရာ၊ လွမ်းစရာများအဖြစ် အတိတ်ကာလတစ်ခုဆီမှာ ကျန်ရစ်ခဲ့ပေပြီ။

ဒီအကြောင်းတွေ ပြန်ပြောပြရတာကလည်း ပြီးခဲ့သည့် အောက်တိုဘာလ ၁၈ ရက်နှင့် ၁၉ ရက်နေ့များ၌ စတုတ္ထအကြိမ်မြောက် ကျွန်တော် ရောက်ရှိခဲ့သော မော်ဖဒေသ (မက်မန်းဒေသ) ၏ ဓာတ်ပုံလေးများကို Facebook စာမျက်နှာပေါ် တင်လိုက်မိသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီအောင်အနေဖြင့် ဆွတ်ဝိုးတိုက်နယ်ဆေးရုံ ပုံလေးများကို တွေ့မြင်သွားချိန်မှာ ကြိုးစား၍ ကုသပေးပါသော်လည်း ကံမကောင်းအကြောင်းမလှ၍ ကတိမ်းကပါးဖြစ်သွားသောအခါ ကုသပေးသော ဆရာဝန်မှာ တာဝန်ရှိသည်ဆိုကာ သေနတ်နှင့် ချိန်ရွယ်ခြင်း၊ ပြစ်တင်ကြိမ်းမောင်းခြင်းများ ခံရသည်။



မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်းအား တွေ့ရစဉ်။

ဆရာဝန်ကိုယ်တိုင် ပေါက်ပြားထမ်း၍ သုသာန်သို့ လိုက်ပါပို့ဆောင် ကျင်းတူးမြှုပ်နှံသင်္ဂြိုဟ်ပေးသော အလုပ်များထိ လုပ်ခဲ့ကြရသည်။ နောင်ကြာလာတော့လည်း ဆရာဝန်၏စေတနာကို နားလည်သဘောပေါက်ကာ ဘယ်ကိုမှ မပြောင်း ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှာ ထိုဒေသ၌ ကွယ်လွန်သွားခဲ့သော ခင်ပွန်းဖြစ်သူ ဒေါက်တာတင်ထွဋ်ဝင်းအား ပြန်လည်သတိရတမ်းတစရာတွေ ဖြစ်သွားခဲ့သည်။ ခွင့်လွှတ်ပါ သမီးရေ...။

**မော်ဖဒေသလွမ်းချင်းဖွဲ့သူများ**

၁၉၉၅ ခုနှစ်မှာ ကျွန်တော် နတလကို ရောက်ရှိ တာဝန်ထမ်းဆောင်သည်။ ကားမမီ၊ ရထားမမီ ဝန်ကြီးဌာနဟု တင်စားခေါ်ရလောက်အောင် ရှည်လျားသော အမည်နာမကို ပိုင်ဆိုင်ထားသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်က ဦးစီးဌာနဖြစ်ပါသည်။ သို့သော် ဦးစီး ဌာနဆိုသည်ထက် နတလလုပ်ငန်းကော်မတီကို တာဝန်ခံရသော ဌာနဆိုလျှင် မမှားပေ။ ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး သိန်းဟန်သည် နတလလုပ်ငန်းကော်မတီ အတွင်းရေးမှူးဖြစ်ပြီး ထိုစဉ်ကာလ လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် နဝတ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က တာဝန်ယူဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ သည်ကား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဖြစ်ပါ၏။



၁၉၈၉ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သော ဝါးစားပွဲ၊ ဝါးတဲနှင့် ရောင်အူဆေးပေး ခန်း၌ ဒေသခံတစ်ဦးအား ဆေးကုသပေးနေစဉ်။

**"၁၉၈၉၊ ၁၉၉၀၊ ၁၉၉၁ အချိန်ကာလများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲက ကိုးကန့်၊ 'ဝ'၊ SSA ၊ မိုင်းလားအထူး ဒေသ(၄)၊ NDA (ဗကပ ၁၀၁ စစ်ဒေသ)၊ KDA (ကောင်းခါး)၊ PNO၊ PSLA စသည့်အဖွဲ့များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးစ အချိန်၊ တပ်မတော်အစိုးရကလည်း ၎င်းတို့ အခြေပြုရာဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အစရှိသည့်လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးချိန်၊ ဆိုတော့ကာ... အချို့နေရာဒေသများသည် သွားရေးလာရေး၊ နေရေးထိုင်ရေး အလွန်ခက်ခဲပါသည်"**

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ဤနေရာဤဌာနသို့ ရောက်ရှိပြီးသကာလ နတလ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့က သတ်မှတ်ပေးထားသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရမည့် နယ်မြေဒေသများကို လေ့လာကြည့်သောအခါ ထူးခြားသောနေရာနှစ်ခုကို တွေ့လိုက်ရသည်။ တစ်ခုက အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ စစ်ကိုင်းတိုင်းအတွင်းရှိ ကဘော်ချိုင့်ဝှမ်းဒေသဖြစ်ပြီး အခြားတစ်ခုကတော့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မော်ဖဒေသ ဖြစ်ပါသည်။

တပ်မတော်သားဘဝမှာလည်း ထိုဒေသနှစ်ခုနှင့် ကျွန်တော် အကျွမ်းတဝင်မရှိခဲ့ပါ။ အထူးသဖြင့် မော်ဖဒေသဖြစ်သည်။ ကျောင်းဆင်းပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့မှာ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ခဲ့ဖူးသည်။ သို့သော် မော်ဖဒေသဟု ခေါ်ဝေါ်ခဲ့ကြသည့် ပန်ဆန်းမြို့၏ တောင်ဘက်၊ ကျိုင်းတုံဒေသ၏ အနောက်ဘက်၊ မိုင်းပြင်းမြို့၏ မြောက်ဘက်၊ မိုင်းရှူးဒေသ သံလွင်မြစ်၏ အရှေ့ဘက်ရှိ အနီး မော်ဖဒေသသို့ မဝင်ဖူးခဲ့။ စစ်တက္ကသိုလ်တက်ရောက်နေဆဲကာလ ၁၉၇၉-၈၀ ခုနှစ်များမှာတော့ မော်ဖဒေသအတွင်း၌ တပ်မ (၇၇) တပ်များက ဝင်ရောက်ထိုးဖောက် တိုက်ခိုက်နေကြောင်း ကြားရသည်။ ၁၉၈၁ ခုနှစ် ကျောင်းဆင်းချိန်မှာ တပ်မ (၇၇) သို့ ရောက်သွားသော သူငယ်ချင်းအချို့ မော်ဖဒေသကို ခြေချခွင့်ရခဲ့သလို တချို့လည်း ကျောင်းဆင်းပြီး မကြာခင်မှာပင် ကျဆုံးသွားခဲ့ကြသည်။

နတလမှာ လာရောက်ကြုံဆုံခဲ့သည့် နောင်တော်ကြီး ဦးစိန်လင်း၊ သူက OTS အပတ်စဉ် ၅၆ ကျောင်းဆင်း၊ ခမရ (၁၀၄) မှာ တာဝန်ထမ်းဆောင်ခဲ့သည်။ မော်ဖဒေသအကြောင်းကို ဂဃနဏ ပြောနိုင်သူများထဲက တစ်ယောက်ဖြစ်၏။ ကျွန်တော်နှင့်တွေ့ဆုံချိန်မှာ သူ မော်ဖဒေသက ထွက်ခွာလာတာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီ။ သို့တစေ စာရွက်အလွတ်တစ်ရွက်ပေါ်မှာ သံလွင်မြစ်၊ နမ့်ခချောင်းနှင့် မော်ဖဒေသ၏ အနေအထားကို မြေပုံကောက်ဆွဲပြီး ရွာပေါင်း အစိတ်သုံးဆယ်၏ အမည်တွေကို ရွတ်ပြခဲ့သည်။ "ဒါက ကျွန်တော်တို့၏ စခန်းကုန်းတွေ၊ ဒါက ဗကပရင်ဆိုင်ကုန်းတွေ" စသည်ဖြင့် ရေးဆွဲပြခဲ့သလို ပြန်အတိုက်ခံရသည့် ကုန်းများလည်း ပါဝင်၏။

**မော်ဖဒေသ လွမ်းချင်းမဖွဲ့နိုင်ရှာတော့ပြီ**

သူတို့တပ်ရင်း မပါဝင်သော်လည်း ရှေ့တန်းတပ်မ (၇၇) ကွပ်ကဲမှုအောက် ရှမ်း (၁)၊ ခမရ (၁၀၁)၊ ခမရ (၁၀၅)၊ ခမရ (၁၀၆)၊ ခမရ (၁၀၇)၊ ခလရ (၆) တပ်ရင်းများက သံလွင်မြစ်ကူးစစ်ဆင်ရေးဖြင့် ပွိုင့် ၃၂၈၀၊ ပွိုင့် ၅၇၁၀၊ ပွိုင့် ၆၀၀၀၊ သံခမောက်ကုန်း၊ ပွိုင့် ၆၀၂၈ တောင်ကုန်းများအား တိုက်ခိုက်ခဲ့ပုံများကို သူသိသလောက် ပြောပြပေးခဲ့သည်။ ထိုကဲ့သို့ ပြောပြနေချိန်မှာ နောင်တော်ကြီး၏ အမူအရာနှင့် သွင်ပြင်ဟန်ပန်တို့သည် အလွန်ပင်တက်ကြွလန်းဆန်းနေပြီး ယခုပင်ရှေ့တန်းက ပြန်လာသည့်ပုံနှယ် ဖြစ်နေသည်ကို မြင်ယောင်မိပါသေးသည်။ ယနေ့အချိန်တွင်မတော့ သူလည်း မော်ဖဒေသ လွမ်းချင်း မဖွဲ့နိုင်ရှာတော့ပြီ၊ ကွယ်လွန်သွားခဲ့ချေပြီတကား။



ဆွတ်ဝိုးဆေးရုံ၌ လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။

နောက်တစ်ဦးကတော့ ကိုအုန်းမြင့်၊ သူက အလုပ်သင်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇) ဆင်း ဖြစ်သည်။ "ကျွန်တော် ၁၉၈၆-၈၇ ရောက်မှ မော်ဖကိုဝင်ဖူးတာဗျ၊ ဝိန်းနောင် ကူးတို့ဆိပ်ကနေ သံလွင်မြစ်ကို ဖြတ်ကူးခဲ့တယ်။ ပွန်တွန်းကူးတို့လှေ ရှိနေပြီ။ သည်တုန်းက မက်မန်းအနေအထားဟာ ရွာလေးတစ်ရွာပဲ။ ရှိလှ အိမ်ခြေ ၁၄/၁၅ ပေါ့၊ ပေ ၅၀၀၀ ကျော် တောင်စွယ်လေးပေါ်မှာ တည်ထားတာ။ မက်မန်းဘက်ကို ဆက်တက်သွားရင်းနဲ့ တချို့နေရာတွေမှာ သံလွင်မြစ်ကို အပေါ်စီးက မြင်နေရတယ်၊ အရှေ့ဘက်လှမ်းကြည့်ရင်တော့ တောရိပ်တောင်ရိပ်တွေက လွယ်ဟိုလာဘက်အထိ မြင်ကွင်းတစ်ဆုံးပဲ၊ ဒါကပွိုင့် ၅၇၁၀၊ မော်ဖဒေသမှာ တိုက်ပွဲတွေ ပြင်းထန်လာရင် ရှေ့တန်းတပ်မ (၇၇) ဌာနချုပ်က သည်ကုန်းမှာ လာထိုင်ပြီး ကွပ်ကဲတယ်။ ဟောဒီရွာလေးတွေက ရောင်အူနဲ့ ရောင်အော်၊ ဗကပတွေ ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ နေရာတွေဖြစ်တယ်။ အနောက်မြောက်ဘက်က လုံနောက်နဲ့ တွယ်နောက်က ကျွန်တော်တို့စခန်းတွေ၊ မော်ဖဒေသရဲ့ တောင်ဘက်ခြမ်းကို ဆင်းသွားရင် ဆွတ်ဝိုးရွာလေးရှိတယ်၊ ဆွတ်ဝိုးမှာ ကျွန်တော် စခန်းထိုင်ဖူးတယ်၊ သူလည်း အိမ်ခြေ ၁၄၊ ၁၅ လောက်ပဲရှိတာ၊ ဘေးပတ်ဝန်းကျင်မှာတော့ ရွာအစုလေးတွေ အတော်များပါတယ်၊ သစ်မင်း ပေါတယ်ဗျ၊ ဘိန်းကလည်း စိုက်သလားမပြောနဲ့၊ ဆွတ်ဝိုးသူကြီးအိမ်နောက်ဖေးမှာကို ဧဝက်လောက် အခင်းကြီးစိုက်ထားတာ" ဟု အမှတ်တရ ပြန်လည်ပြောပြရင်း မော်ဖတောလားကို ရေးဖွဲ့သွားခဲ့ဖူးသည်။

**မက်မန်းက ရွာမှမြို့ဘဝသို့ပြောင်းခဲ့ပြီ**

နောက်တစ်ဦးကတော့ ကျွန်တော်တို့ နတလကို ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ရောက်ရှိလာသော ဗိုလ်မှူးကြီး သန်းဆွေ ဖြစ်သည်။ သူတပ်ရင်းမှူးဘဝဖြင့် ရောက်ရှိတာဝန်ထမ်းဆောင်ချိန်မတော့ မက်မန်းက ရွာမှမြို့ဘဝသို့ ပြောင်းခဲ့ပြီ။ နယ်စပ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ဝန်ထမ်းများလည်း ရောက်ရှိနေပေပြီ။ ထိုအချိန်က မော်ဖဒေသ၌ သာသနာအလင်းရောင် မဖြာနိုင်သေးပေ။ ဗကပတို့၏ ဖိနှိပ်ကြီးစိုးမှုအောက်တွင် နှစ်ပေါင်းများစွာ နေခဲ့ရသောဒေသ ဖြစ်ခဲ့၍ပါတည်း။ သည့်အတွက်ကြောင့်လည်း နယ်စပ်ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးရမည့် ဒေသများထဲမှာ မော်ဖဒေသကို ထည့်သွင်းသတ်မှတ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့ရသည်။ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သန်းဆွေ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကူညီမှုဖြင့် မက်မန်းမြို့၌ ရှင်အပါး ၁၀၀ ပြုပွဲကြီးကို ဝံ့ချီးကျင်းပကာ သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှောက်နိုင်ခဲ့သည်။ အလှူပွဲကြီးမှာ စစ်ကြောင်းရုံး၊ တပ်ခွဲရုံးတွေက မွေးထားတဲ့ ဝက်တွေ၊ စိုက်ထားတဲ့ မုန်ညင်းခင်းတွေ တက်တက်စင်ပြောင်သွားအောင် ချက်ပြုတ်ကျွေးမွေးခဲ့တာကိုလည်း အမှတ်တရပြောပြခဲ့သေး၏။ "မော်ဖဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ စလုပ်လုပ်ချင်း ဝန်ထမ်းတွေ သိပ်ဒုက္ခရောက်ကြတာ၊ မိုင်းပြင်းကနေ တာဝန်ကျတဲ့ နေရာတွေထိ ကားကြုံစီး၊ ကားမကြုံရင်တော့ လမ်းလျှောက်၊ တချို့နေရာတွေက သုံးညအိပ် လေးရက်လောက်အထိ လျှောက်ကြရတယ်။ ပင်ပန်းလာတော့ စိတ်ပျက်ကုန်ရော၊ တာဝန်တို့ ခွင့်တို့ ပြောပြီး မိုင်းပြင်း ပြန်သွားရင် တော်တော်နဲ့ တက်မလာကြတော့ဘူး။ တဖြည်းဖြည်း စည်းရုံးခဲ့ရတယ်။ မင်းရန်အောင် ဘုရားကုန်းမှာ စုဝေးပွဲလေးတွေလုပ်၊ ဘုရားလည်းဖူး၊ ပရိတ်ရွတ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလေးတွေ တိုင်ပင်၊ စားစရာရှိတာ စုပေါင်းပြီးချက်စားကြ၊ အားကစားပွဲလေးတွေ လုပ်ကြနဲ့ တစ်ဦးပေါ်တစ်ဦး သံယောဇဉ်ရှိလာကြတယ်။ ဘယ်လောက်ထိ မက်မန်းမြို့လေးကို သံယောဇဉ်ရှိသွားကြသလဲဆိုရင် အရင်ကလို မိုင်းပြင်းကို ပြန်ဆင်းသွားပြီး တစ်လကိုးသီတင်း မနေကြတော့ဘူး၊ တစ်ရက်နှစ်ရက်လောက်ဆို ပြန်တက်လာကြပြီ" ဟု ပြောခဲ့တာလည်း အမှတ်ရမိပါသည်။ ဗိုလ်မှူးကြီး သန်းဆွေသည် နတလ ညွှန်ကြားရေးမှူးချုပ်ဘဝမှ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီးတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ကို ထမ်းဆောင်နေပါသည်။

၁၉၉၄-၉၅ ပတ်ဝန်းကျင်မှာ မော်ဖဒေသက မက်မန်း၊ ဆွတ်ဝိုးတစ်ဝိုက်နေခဲ့ဖူးသော ဒုတိယဗိုလ်မှူးကြီးဇော်ဦး(ငြိမ်း)နှင့်လည်း နတလမှာ ဆုံခဲ့သည်။ သူကတော့ ဆွတ်ဝိုးဆေးရုံမှ အလွန်သတ္တိရှိသော သူနာပြုဆရာမလေးများအကြောင်းကို ပြောပြခဲ့သည်။ တာဝန်ခံ ဆရာဝန်လေး မက်မန်းမြို့သို့သွားနေခိုက် ဝက်ဝံကုတ်ခံရ၍ ဦးခေါင်းအရေခွံလန်နေသော လူနာအမျိုးသားတစ်ဦးကို သူနာပြုဆရာမလေးများက ရဲရဲတင်းတင်းဖြတ်တောက်ချုပ်နှောင် ကုသပေးခဲ့သည် ဆို၏။ ထို့ပြင် တစ်ညွန့်နှစ်ညွန့် ဟင်းအိုးထဲမှာ ပါသွားရုံနှင့် ကိစ္စချောသွားနိုင်သော ငွေနားညွန့်ခေါ် မစားကောင်းသည့် အညွန့်လေးများအကြောင်း၊ ဆွတ်ဝိုးနှင့် ဝမ်စလောင်းအကြားက မိုင်ချီ၍ ရှည်လျားသော ကိုင်းတောကြီးများအလယ်သို့ ရောက်နေခိုက် တောမီးထလောင်သဖြင့် ပြေးပေါက်မှားခဲ့ရသည့် အကြောင်းများကိုလည်း နောင်တော်ကြီးထံမှ ကြားခဲ့ရသေး၏။ ဗိုလ်မှူးစိုးအောင်ကတော့ နတလ ပင်မစီမံကိန်း (Master Plan) ရေးဆွဲ နိုင်ဖို့ရာအတွက် ၁၉၉၃ ခုနှစ် နှစ်ဦးပိုင်းတွင် မော်ဖဒေသသို့ အခြားသော ဌာနဆိုင်ရာများဖြစ်သည့် ဆောက်လုပ်ရေး၊ မြေစာရင်း၊ ပညာ၊ ကျန်းမာ၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး စသောအဖွဲ့များကို ဦးဆောင်သွားခဲ့သူဖြစ်သည်။ စီမံကိန်းဆိုင်ရာ အချက်အလက်၊ ကိန်းဂဏန်း၊ စာရင်းဇယားများ ကောက်ယူခဲ့ကြရသည်။ ထိုစဉ်က ဗိုလ်မှူးစိုးအောင်နှင့်အတူ လိုက်ပါခဲ့သော စီမံကိန်းရေးဆွဲရေးဦးစီးဌာနက ကိုယ်စားလှယ် ဦးစိုးမြင့်သည်ပင်လျှင် နတလသို့ ကူးပြောင်းတာဝန်ထမ်းဆောင်လာသဖြင့် ကျွန်တော်နှင့် ဆုံခဲ့သေး၏။

ဤသည်တို့ကား ကျွန်တော်မရောက်ဖူးခဲ့သော မော်ဖဒေသနှင့်စပ်လျဉ်းသည့် လွမ်းချင်းများစွာထဲက တချို့တစ်ဝက်မျှသာတည်း။ ကျွန်တော် ကျောင်းတုန်းက ကြားခဲ့ရသည့် မော်ဖဒေသ မင်းရန်အောင် စစ်ဆင်ရေးနှင့် ပတ်သက်၍မူ ခရေစေ့တွင်းကျ ပြောပြနိုင်သူ မတွေ့ခဲ့ရသေးပေ။ ကိုယ်တိုင်လည်း နတလဝန်ထမ်းဘဝဖြင့် ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်၊ အငြိမ်းစားယူပြီး ၂၀၂၂ ခုနှစ်တွင် တစ်ကြိမ် မော်ဖဒေသသို့ ရောက်ခဲ့ပါသေးသည်။ ပွိုင့် ၅၇၁၀၊ ပွိုင့် ၆၀၂၈၊ တောင်ကုန်းများအနီးသို့လည်း ရောက်ခဲ့သည်။ သို့သော် ထဲထဲဝင်ဝင် မသိခဲ့ရပါ။ အဘဦးညွန့်ဆွေ ရေးသားထုတ်ဝေခဲ့သော ကဒူးမမှ မော်ဖသို့စာအုပ်ကို ကျွန်တော်မဖတ်ဖူးသေး၍လည်း ဖြစ်ပါလိမ့်မည်။

ဤသို့နေလာရာမှ ကျွန်တော့်အား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတာဝန်ပေးအပ်လာချိန်၊ အဘဦးညွန့်ဆွေ၏ ကျိုင်းတုံ၊ မက်မန်းဒေသခရီးသို့အတူ လိုက်ပါခွင့်ရခဲ့သည်။ မင်းရန်အောင်စစ်ဆင်ရေးနှင့် ဆင်နွှဲခဲ့သော မော်ဖဒေသစစ်ဆင်ရေးကြီးတစ်ခုလုံးကို အဘ ဦးညွန့်ဆွေက ရှင်းလင်းပြောပြသည်။ ပြောပြနိုင်ပေမပေ့ါ။ အဘ ဦးညွန့်ဆွေဆိုသော ဗိုလ်မှူးကြီး ညွန့်ဆွေသည် ရှေ့တန်း အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်၊ ဒုတိယတပ်မမှူးတာဝန်ဖြင့် ထိုစစ်ဆင်ရေးကြီးတစ်ခုလုံးကို အနီးကပ်ကွပ်ကဲ တိုက်ခိုက်ခဲ့သူ ဖြစ်နေသောကြောင်းပါတည်း။ *(ဆက်ပါဦးမည်။)*

## ဝေါမြို့နယ်၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဝေါ နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ဝေါမြို့နယ် ကြာလဟာကျေးရွာအုပ်စု ကြာလဟာကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါကျန်းမာရေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် ကွင်းဆင်းကုသစဉ် သက်ကြီးရွယ်အိုများနှင့် ငါးနှစ်အောက် ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆီးချိုရောဂါ/သွေးတိုးရောဂါ လူနာများအား စစ်ဆေးကုသပေးခြင်း၊ အထွေထွေကိုယ်အရေပြားရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ ငှက်ဖျားရောဂါ သွေးဖောက်စစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါစစ်ဆေးကုသပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား မျက်စိအမြင်အာရုံစစ်ဆေးပေးခြင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးအသိပညာဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၉

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများ စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။**



ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပညာကို ကြိုးစားသင်ကြားကြစေလိုကြောင်း၊ ပညာတတ်လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပညာတတ် လူတော်လူကောင်းဖြစ်အောင် ကြိုးစားခြင်းသည် မိမိဘဝ၊ မိမိဒေသနှင့် မိမိနိုင်ငံကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာဦးစီးဌာန ရုံးဟောင်း၌ ပညာရေး ဒီဂရီကောလိပ် သင်တန်းသား သင်တန်းသူများ ပညာသင်ကြား၊ သင်ယူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ)သို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်းနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး) များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ဘာသာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ကျောင်းဥပမိရုပ် ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေး၊ တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အကျိုးရှိအောင် အသုံးချသင်ကြားသင်ယူနိုင်ရေးဆောင်ရွက်ရန် မှာကြားကာ စာကြည့်တိုက်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၌ အေးချမ်းစွာ ပညာသင်ကြားနေကြသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာ တက္ကသိုလ် သင်္ချာဌာန၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တက္ကသိုလ်အတွင်းရှိတည်ဆောက်နေဆဲ ပညာရေးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ပညာပါရမီခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ပညာရေးဒီဂရီကောလိပ် လေးနှစ်သင် သင်တန်းသား သင်တန်းသူများ၊ PPTT ၁၀/၂၀၂၃ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ သင်တန်းပြီး၍ မိမိတို့တာဝန်ကျသော ဒေသများတွင် ကျောင်းသား ကျောင်းသူများကို နိုင်ငံ့သားကောင်းရတနာများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းရွေးချယ်သည့် မျိုးစပါးသားဆက်လိုင်းများ ကွင်းဆင်းရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၂၉**



နေပြည်တော် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာတွင် တောင်သူများ ကိုယ်တိုင်ပူးပေါင်းရွေးချယ်သည့် မျိုးစပါးသားဆက်လိုင်းများ ကွင်းဆင်းရွေးချယ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်ခိုင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

တောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ၂၀၂၂ နွေစပါးရာသီတွင် ကျော်ဇေယျနှင့် ရတနာတိုးမျိုးကိုလည်းကောင်း၊ ပြည့်ဝနှင့် ရွှေအာဆီယံမျိုးတို့ကို လည်းကောင်း မျိုးကူးစပ်ပြီး ရလာသည့် သားဆက်လိုင်းများကို ၂၀၂၂ မိုးစပါး ရာသီတွင် မျိုးပြန်စပ်၍ ၂၀၂၃ နွေစပါးရာသီတွင် ပြန်လည်စိုက်ပျိုးကာ ယခု ၂၀၂၃ မိုးစပါးရာသီတွင် စိုက်ပျိုးရွေးချယ်ခြင်း ဖြစ်ကြောင်း၊ စပ်မျိုးတွဲ (၃) တွဲ၏ ဗီဇကွဲများမှ သက်တမ်းရက် ၁၁၀ ရှိ မျိုးစပါး သားဆက်လိုင်းများကို မျိုးအဖြစ် ပထမအကြိမ်တွင် သိမ်းယူခဲ့ပြီး ယခုအကြိမ်တွင် သက်တမ်း ၁၂၀ ရှိ မျိုးကွဲများကို ရွေးယူခြင်းဖြစ်ကြောင်း၊ ရွေးချယ်ပြီး သားဆက်လိုင်းများကို လာမည့် ၂၀၂၄ နွေစပါးရာသီတွင် ဆက်လက်စိုက်ပျိုးရွေးချယ်ရမည် ဖြစ်ကြောင်းနှင့် မျိုးရွေးချယ်ရာတွင် တောင်သူများနှင့်အတူ ပူးပေါင်း၍ မျိုးရွေးချယ်ကြရန်နှင့် ရွေးချယ်ပြီးသည့် မျိုးများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စမ်းသပ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ တောင်သူများ ပူးပေါင်းမျိုးမွေးမြူခြင်း (Farmer Participatory Breeding) ကို ရေရှည်တည်တံ့စွာ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတွင် ကျွမ်းကျင်ပညာရှင်များ ပါဝင်သော ဌာနစုတစ်စု စနစ်တကျဖွဲ့စည်း၍ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော် ကောင်စီဝင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများသည် မျိုးစပါးသားဆက်လိုင်းများကို ကွင်းဆင်းရွေးချယ်ကြရာ ဒုတိယဝန်ကြီးက မျိုးစပါး သားဆက်လိုင်းများ၏ ဝိသေသလက္ခဏာနှင့် မျိုးရွေးချယ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသေးစိတ် ရှင်းလင်းပြသပြီး တောင်သူများနှင့်အတူ မျိုးစပါး သားဆက်လိုင်းများ ရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ယခုတစ်ပတ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းသည် ရတနာပုံအသင်းနှင့် ကစားရမည် ဖြစ်ပြီး အနိုင်ရပါက ချန်ပီယံဆုရယူနိုင်ရန် ပိုမိုနီးစပ်လာမည် ဖြစ်သည်။ တန်းဆင်းဇုန်ထဲ ကျရောက်နေသည့် GFA အသင်းသည် ယခုတစ်ပတ်တွင် နိုင်ပွဲရယူနိုင်မှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး သရေကျလျှင်ပင် တန်းဆင်းရမည်ဖြစ်သည်။

ဒုတိယနေရာမှ ရန်ကုန်အသင်းသည် ကစားပုံမာကျောသည့် အား/ကာသိပ္ပံအသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရပါက ရှမ်းယူနိုက်တက်ကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။

ပွဲစဉ် (၂၀) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၅၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၇ မှတ်၊ ဟံသာဝတီအသင်းက ၃၄ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၆ မှတ်၊ ဒဂုံစတားအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရောဝတီအသင်းနှင့် မြဝတီအသင်းက ၂၂ မှတ်စီ၊ ရတနာပုံအသင်းက ၂၀ မှတ်၊ GFA အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက် အသင်းက ၁၀ မှတ်ရရှိထားသည်။ **ကိုညီလေး**

# ကိုယ်ဝန်ဆောင်မိခင်များအတွက် မွေးဖွားရန်ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖြစ်ပေါ်လာနိုင်မည့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်းအခမ်းအနားကျင်းပ

**အိမ်မဲ နိုဝင်ဘာ ၂၉**



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် မွေးဖွားရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖြစ်ပေါ်လာနိုင်မည့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးကျော် အောင်က ကိုယ်ဝန်ဆောင် မိခင်အတွက် မွေးဖွားရန် ကြိုတင်ပြင်ဆင်ခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနား တက်ရောက် လာသူများက ကိုယ်ဝန်ဆောင်ခြင်းနှင့် မွေးဖွားခြင်းအတွက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး ကိုယ်ဝန်ဆောင်မိခင်များအတွက် မွေးဖွားရန် ကြိုတင်ပြင်ဆင်ခြင်းနှင့်ဖြစ်ပေါ်လာနိုင်မည့်အရေးပေါ်အခြေအနေများအတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်းနှင့် ပတ်သက်ပြီး ကျန်းမာရေးစကားဝိုင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ World Vision Myanmar Einme တို့မှ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုယ်ဝန်ဆောင်များ တက်ရောက်ခဲ့ကြသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွက် နိုင်ငံခြားခရီးသွားဝင်ရောက်မှု မျှော်မှန်းထားသည့်ပမာဏထက် ကျော်လွန်လာ

မနီလာ နိုဝင်ဘာ ၂၉

**ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွက် နိုင်ငံခြားခရီးသွားဝင်ရောက်မှုမှာ မျှော်မှန်းထားသည့် ၄ ဒသမ ၈ သန်းကို ကျော်လွန်လာပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းအတွင်းဝန် ခရစ္စတီးနား ဂါစီယာဖရက်စကို က နိုဝင်ဘာ ၂၉ ရက်တွင် ပြောသည်။**



နိုဝင်ဘာ ၂၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၄၈၂၅၃၀ ဝင်ရောက်မှုရှိခဲ့ပြီး ပီဆို ၄၀၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၉၆ ဘီလီယံ) ရရှိခဲ့ကြောင်း ၎င်းက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံများအနက် တောင်ကိုရီးယားနိုင်ငံက လာရောက်လည်ပတ်သူ စုစုပေါင်း၏ ၂၆ ဒသမ ၃၇ ရာခိုင်နှုန်းရှိသည့်အတွက် အများဆုံးဖြစ်ကြောင်း၊ ယင်းနောက်တွင် အမေရိကန်နိုင်ငံက ၁၆ ဒသမ ၅၃ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၅ ဒသမ ၆၆ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံက ၅ ဒသမ ၀၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ဒုတိယမြောက် အမြင့်ဆုံးမောင်းနှင်အားဖြစ်ကြောင်းနှင့် အဆိုပါ ခရီးသွားလုပ်ငန်းတွင် ဖိလစ်ပိုင်နိုင်ငံသား ၅ ဒသမ ၃၅ သန်းကို အလုပ်ခန့်ထားကြောင်း ဂါစီယာ ဖရက်စကို ကပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အဓိက စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်သော ခရီးသွားလုပ်ငန်းသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးကို ၆ ဒသမ ၂ ရာခိုင်နှုန်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# လစ်ဗျားနိုင်ငံတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၂၄၈ ဦးကို နေရပ်ပြန်ပို့

**ထရီပိုလီ နိုဝင်ဘာ ၂၉**

လစ်ဗျားနိုင်ငံ၏ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ထိန်းချုပ်ရေးဌာနက နိုဝင်ဘာ ၂၈ ရက်တွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၄၈ ဦးကို နေရပ်သို့ပြန်ပို့လိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်းတို့ထဲမှ ၁၂၀ ကို လေကြောင်းမှတစ်ဆင့် နိုင်ဂျာနိုင်ငံသို့ ပြန်ပို့ပေးခဲ့ပြီးကျန် ၁၂၈ ဦးကို ကုန်းကြောင်းမှတစ်ဆင့် ချဒ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများမှာ လူသားဆန်ပြီး သင့်လျော်မှုရှိသည်ဟု ပြည်နှင်ဒဏ်ပေးသည့်ဌာနသို့ လာရောက်စဉ် အစိုးရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ မူဆာ အယ်ကူနီက ပြောသည်။



နေရပ်ပြန်ရန် စောင့်ဆိုင်းနေကြသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ ထိန်းချုပ်ရေးဌာန၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများကို မပြည့်စုံသည့်ကြားမှ လူသားချင်းစာနာထောက်ထားမှုအပြည့်ဖြင့် အကူအညီပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

အာဖရိကန်အများစုမှာ မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ သွားရောက်ရန် လစ်ဗျားကို လမ်းကြောင်းအဖြစ် ရွေးချယ်ကြသည်။ ယခုနှစ်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၅၀၅၇ ဦးကို ကယ်ဆယ်ခဲ့ပြီး လစ်ဗျားသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုအဖွဲ့အစည်းက ပြောသည်။

ဆင်ဟွာ

# တန်ဇန်းနီးယားနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်မိ ၁၃ ဦးထက်မနည်း သေဆုံး

**ဒါအက်ဆလမ် နိုဝင်ဘာ ၂၉**

တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်း စင်ဂီဒါဒေသတွင် နိုဝင်ဘာ ၂၉ ရက် အစောပိုင်းက ဘတ်စ်ကားနှင့် ရထားတိုက်မှုဖြစ်ပွားပြီးနောက် ခရီးသည် ၁၃ ဦးထက်မနည်း သေဆုံးပြီး အခြား ၂၅ ဦး ပြင်းထန်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

**သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်**

ဒဏ်ရာရခရီးသည် ၂၅ဦးအနက်အများစုမှာစိုးရိမ်ရသည့်အခြေအနေတွင်ရှိသောကြောင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်ကြောင်း စင်ဂီဒါဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှူး စတဲလာ မူတာဟီဘီဝါက ပြောသည်။ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၅၇ ဦးပါပြီး စီးပွားရေး အချက်အချာကျသော ဒါအက်စ်ဆလမ်မြို့မှ မွမ်ဇာမြို့သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။

**ရထားလမ်းကို ဖြတ်မောင်းရန် ကြိုးပမ်းခဲ့ဖွယ်ရှိ**

ဘတ်စ်ကားသည် ရထားလမ်းဖြတ်တစ်ခု၌ ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ရထားစက်ခေါင်းနှင့် တိုက်မိခြင်းဖြစ်ကြောင်းနှင့် ဘတ်စ်ကား ယာဉ်မောင်းမှာ ရထားလမ်းကို ဖြတ်မောင်းရန် ကြိုးပမ်းခဲ့ဖွယ်ရှိကြောင်း မူတာဟီဘီဝါက ပြောသည်။

ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၀၀ ကျော်လွန်လာ

**ဒါကာ နိုဝင်ဘာ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာ ၂၉ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၉၅၉ ဦးနှင့် ထပ်မံသေဆုံးသူ လေးဦးရှိသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်းမှာ ၃၁၀၀၄၆ ဦးနှင့် သေဆုံးသူပေါင်းမှာ ၁၆၀၀ ကို ကျော်လွန်လာပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုအထွေထွေ ညွှန်ကြားမှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်)က ပြောသည်။

**နိုဝင်ဘာလမှာ သွေးလွန်တုပ်ကွေးကြောင့် ၂၆၂ ဦး သေဆုံး**

ဒီဂျီအိတ်ချ်အက်စ်၏ ထုတ်ပြန်ချက်အရ နိုဝင်ဘာလတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၆၂ ဦး အပါအဝင် စုစုပေါင်း သေဆုံးသူဦးရေမှာ ၁၆၁၀ အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ပြန်လည်သက်သာလာသည့် လူနာပေါင်း ၃၀၁၈၆၉ ဦးရှိ**

ထို့အပြင် ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါဖြစ်ပွားမှုမှ ပြန်လည်သက်သာလာသူ ၈၈၁ ဦး အပါအဝင် ယခုနှစ်တွင် လက်ရှိအချိန်အထိ ရောဂါဖြစ်ပွားမှုမှ ပြန်လည်သက်သာလာသည့် လူနာပေါင်း ၃၀၁၈၆၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဓာတ်ငွေ့အိုး ပေါက်ကွဲမှုကြောင့် နေအိမ်ငါးလုံး ပြိုကျပျက်စီး

**နယူးဒေလီ နိုဝင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်းတွင် နိုဝင်ဘာ ၂၉ ရက်က ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် နေအိမ်ငါးလုံး ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။

မွမ်ဘိုင်းမြို့ ချမ်ဘားအရပ်ရှိ ကျဉ်းမြောင်းသည့် လမ်းသွယ်များထဲမှ နေအိမ်များ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။ အပျက်အစီးများအောက်မှ ၁၁ ဦးကို ကယ်ထုတ်ခဲ့ရပြီး ၎င်းတို့ထဲမှလေးဦးမှာ ဒဏ်ရာရရှိခဲ့သည့်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ဟင်းချက်ရာတွင် အသုံးပြုသည့် ဓာတ်ငွေ့အိုး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး နေအိမ်များ ပြိုကျပျက်စီးမှုနှင့် လေ့ကားများ ပြိုကျမှုကို ရုပ်သံဖိုင်တွင် တွေ့ရှိနိုင်သည်။

ဆင်ဟွာ

# ဂါဇာတွင် အပစ်အခတ်ရပ်စဲထားပြီး အကျဉ်းသားများနှင့် ဓားစာခံများ ထပ်မံလွှတ်ပေး

ဂါဇာ နိုဝင်ဘာ ၂၉

**ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့်ဟားမားစ်တို့ တိုက်ပွဲများ ခေတ္တရပ်နားထားသည်။ ဟားမားစ်တို့က အစ္စရေးဓားစာခံ ၁၂ ဦးကို ထပ်မံလွှတ်ပေးခဲ့သည်ဟု နိုဝင်ဘာ ၂၈ ရက်တွင် အစ္စရေးအာဏာပိုင်များက ပြောသည်။**

အပြန်အလှန်အားဖြင့် အစ္စရေးတို့ ဖမ်းဆီးထားသည့် ပါလက်စတိုင်းအကျဉ်းသား ၃၀ ကို ပြန်လွှတ်ပေးခဲ့သည်ဟု သိရသည်။ အပစ်အခတ်ရပ်စဲရေး သက်တမ်းကိုလည်း တိုးချဲ့သွားရန် ကြိုးပမ်းမှုများ ရှိလာသည်ဟု သိရသည်။

ဂါဇာဒေသတွင် လောင်စာ၊ လျှပ်စစ်မီး ပြတ်တောက်မှုနှင့် နေသားကျရန် ရုန်းကန်နေရသည်။ အစားအသောက်နှင့် သောက်သုံးရေများ ပြတ်လပ်မှုအပြင် အဝတ်အစားနှင့် ဖိနပ်များပါ ပြတ်လပ်လာသည်။ ထို့ပြင် ရာသီဥတု အေးသည့်ကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ ပို၍ပြင်းထန်လာမည်ကို စိုးရိမ်နေရသည်။

နိုဝင်ဘာ ၂၈ ရက်က ပြန်လွှတ်ပေးလိုက်သည့် ဓားစာခံ ၁၂ ဦးတွင် အစ္စရေး ၁၀ ဦးနှင့် နိုင်ငံခြားသား နှစ်ဦး ပါဝင်သည်ဟု သိရသည်။ ပြီးခဲ့သည့် ငါးရက်အတွင်း ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံ ၈၀ ကျော် ပြန်လွှတ်လာပြီဖြစ်သည်။ အစ္စရေးတို့ဘက်မှလည်း အကျဉ်းချထားသည့် ပါလက်စတိုင်း ၁၈၀ ကျော်ကို ပြန်လွှတ်ပေးခဲ့သည်။ နိုဝင်ဘာ ၂၉ ရက်မကျော်မီအထိ အပစ်အခတ်ရပ်စဲထားမည်ဖြစ်သည်။

ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် အစ္စရေး တပ်ဖွဲ့ဝင်များ ပြန်လွှတ်ပေးရေးအတွက် အစ္စရေးနှင့် ဆွေးနွေးသွားရန်အသင့်ရှိသည်ဟု ဟားမားစ် အရာရှိတစ်ဦးက ပြောသည်။ သို့သော်လည်း အစ္စရေးဘက်မှ ၁၀ ရက်ထက်ကျော်၍ အပစ်အခတ်ရပ်စဲမှုပြုလုပ်သွားမည်မဟုတ်ဟု အစ္စရေးမီဒီယာတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှစစ်ရေယာဉ် ၃ စင်းရှိ စစ်သည်များ ရန်ကုန်မြို့အတွင်း ချစ်ကြည်ရေးခရီးလည်ပတ်ခြင်း၊ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှုအနေဖြင့် တရားမဝင် ဝင်ရောက်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ ဖမ်းဆီးခံထားရသော လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသား ၁၉၃ ဦး ထပ်မံလွတ်မြောက်မှု၊ ၂၉-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ် (အရှေ့မြောက်ဘက်)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ ရှမ်းပြည်နယ်အတွင်းရှိ EAO အဖွဲ့ဖြစ်သော (RCSS/SSA) နှင့် (SSPP)အဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခဲ့သောသတင်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မြန်မာနိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်နဲ့ မြန်မာ-တရုတ်ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ဖို့ ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်သုံးစင်းမှ စစ်သည်များက ဒီနေ့မှာတော့ ရန်ကုန်မြို့အတွင်းမှာ ချစ်ကြည်ရေးခရီးလည်ပတ်ခြင်း၊ သန်လျင်တပ်နယ်မှာတော့ ချစ်ကြည်ရေးဘတ်စကက်ဘော ပြိုင်ပွဲကျင်းပပြုလုပ်ခြင်းနဲ့ မြန်မာ့တပ်မတော်(ရေ)မှ အရာရှိများက စစ်ရေးယာဉ်များကို သွားရောက်လေ့လာခြင်း၊ ညစာစားပွဲ တည်ခင်းဧည့်ခံခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါတယ်။ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံဘက်ကို တရားမဝင် ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၂၆၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အားလုံး လွှဲပြောင်းပေးခဲ့မှု ၁၀၁၇၀ ရှိပြီးဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ နှစ်နိုင်ငံတပ်မတော်များအနေနဲ့ နီးကပ်စွာ၊ ရင်းနှီးစွာ နေထိုင်လျက်ရှိပါတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး အနောက်နိုင်ငံတွေက ထောက်ပံ့ထားတဲ့ ပြည်ဖျက်မီဒီယာများအနေနဲ့ အမျိုးမျိုးဝေဖန်နေတာတွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နဲ့အညီ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့တာဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး၊ တပ်မတော်ချင်းဆက်ဆံရေး၊ ပြည်သူလူထုချင်း ဆက်ဆံရေးဟာ နောင်မှာလည်း ပိုမိုရင်းနှီး ချစ်ကြည်နီးကပ်လာမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒီကနေ့မှာတော့ လွိုင်ကော်တက္ကသိုလ်ကနေ ဖမ်းသွားတဲ့ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား ၁၉၃ ဦး ထပ်မံလွတ်မြောက်လာပါတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့သူတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်



အဖွဲ့တွေ၊ ကြားဝင်ညှိနှိုင်းပေးတဲ့အဖွဲ့များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ နောက်ထပ် ၁၁ ဦး လွတ်မြောက်ဖို့ကျန်ပါသေးတယ်။ ဒါကိုလည်း ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မူဆယ် ၁၀၅ မိုင်ဘက်မှာတော့ ဒီနေ့ နေ့လယ်ပိုင်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့ပါတယ်။ ရန်သူ့ထံက အလောင်း၊ လက်နက်များရရှိခဲ့ပါတယ်။ လောက်ကိုင်ကိုတော့ ရှော့တိုက်ဒုံး ၁၅ လုံးနဲ့ လာရောက်ပစ်ခတ်တာ ရှိပါတယ်။ ကုန်းကြမ်းဘက်မှာတော့ တပ်မိသားစုဝင်များရဲ့ လုံခြုံရေး၊ တပ်မိသားစုဝင်များရဲ့ အသက်အန္တရာယ်အတွက် တပ်မတော်အနေနဲ့ နေရာရွှေ့ပြောင်းပေးလိုက်ရတာရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မှာတော့ KIA၊ PDF ပူးပေါင်းအဖွဲ့တွေအနေနဲ့ တန့်ဆည်ရဲစခန်းကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာ ရှိပါတယ်။ တပ်မတော်အနေနဲ့ စစ်ကူပစ်ကူများ အချိန်မီရောက်ရှိပြီး ရန်သူကိုချေမှုန်းတိုက်ခိုက်ခဲ့ပါတယ်။ ရန်သူအကျအဆုံးများစွာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ကယားလွိုင်ကော်မှာရှိတဲ့ ပြည်နယ်ရဲတပ်ဖွဲ့ရုံးကို လာရောက်ပစ်ခတ်တာရှိပါတယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရှုပ်ရှုပ်ချုံချုံပြန်လည်ချေမှုန်းခဲ့တာရှိပါတယ်။ ရန်သူအနေနဲ့ အကျအဆုံးများစွာရှိတယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ပတ်သက်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံကြားမှာ အထင်အမြင်လွဲမှားအောင်၊ ပဋိပက္ခများဖြစ်ပွားအောင် အမျိုးမျိုးသွေးထိုး လှုံ့ဆော်နေတဲ့အဖွဲ့အစည်းများ၊ အထူးသဖြင့် အနောက်နိုင်ငံအထောက်အပံ့နဲ့ ရပ်တည်နေရတဲ့မီဒီယာများက ဦးတည်ဆောင်ရွက်လာကြောင်း တွေ့ရပါတယ်။ ဒါတွေကို အားလုံးက သတိပြုရမှာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ရှမ်းပြည်နယ်ထဲမှာရှိတဲ့ EAO အဖွဲ့များရှိတယ်။ RCSS၊ SSAနဲ့ SSPP အဖွဲ့တို့ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခဲ့တယ်လို့ ကျွန်တော်တို့ သတင်းကောင်းကြားရပါတယ်။ ဒီ RCSS၊ SSAနဲ့ SSPP အဖွဲ့နှစ်ဖွဲ့အကြားမှာ အမြဲတမ်းထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိအောင် ပဋိပက္ခများရပ်တန့်အောင် တပ်မတော်အနေနဲ့ အမြဲတမ်းကြားဝင် ညှိနှိုင်းစေ့စပ်ပေးတာတွေ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားမှာ သတင်းစကားပါးပေးတာတွေ အမြဲတမ်းလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်မှာ TNLA၊ AA၊ MNDAA အဖျက်သမားများအနေနဲ့ ရှမ်းအရှေ့မြောက်ဘက်ဒေသမှာ၊ ပြီးရင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်မှာ ဖျက်ဆီးမှုလုပ်ငန်းတွေ၊ တိုင်းပြည်အကျိုးပျက်စီးမယ့်လုပ်ငန်းတွေ၊ ပြည်သူလူထုကို တိုက်ရိုက်ထိပါးစော်ကားတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ဒေသခံပြည်သူလူထုဖြစ်တဲ့ ရှမ်းပြည်သူလူထုလည်း နစ်နာမှုအများကြီးရှိပါတယ်။ ရှမ်းပြည်သူလူထုရဲ့ နေအိမ်တွေမှာ ဝင်ရောက်ပြီး၊ အကာအကွယ်ယူပြီး တပ်မတော်ကို တိုက်ခိုက်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါတွေကို အားလုံးက ဝိုင်းဝန်းပူးပေါင်းဆန့်ကျင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၁-၂၀၂၃ ကျပ်/လီတာ



ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယကများအား ဂါရဝပြုကန်တော့ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နာယကများအား ဂါရဝပြု ကန်တော့ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၅လမ်း(အောက်)ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ကန်တော့ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကန်တော့ခံဓာတ်ပုံပညာရှင်အသင်း နာယကများဖြစ်ကြသည့် ဦးဖေခင်(မြန်မာ့မီးရထား)၊ ဦးထွန်းရွှေ (ဥက္ကလာထွန်းရွှေ)နှင့် ဦးစိုးမိုး (ထပ်ဆင့်အကယ်ဒမီ အလင်္ကာကျော်စွာ ဒါရိုက်တာ ပန်းချီစိုးမိုး)တို့အား ကန်တော့ချီးတိုင်၍ အမှုဆောင်များနှင့် အသင်းသားများက ကန်တော့ခံပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံဓာတ်ပုံပညာရှင်အသင်း နာယကဒါရိုက်တာပန်းချီစိုးမိုးနှင့် ဦးထွန်းရွှေ (ဥက္ကလာထွန်းရွှေ) တို့က ဆုပေးဩဝါဒစကား ပြောကြားကြသည်။ အဆိုပါ ဂါရဝပြုအခမ်းအနားသို့ မတက်ရောက်နိုင်သည့် နာယကဆရာကြီး ဦးဖေခင်(မြန်မာ့မီးရထား)ကိုလည်း အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက အိမ်တိုင်ရာရောက်သွားရောက်ဂါရဝပြု ကန်တော့ကြ မည်ဖြစ်သည်။

အာကာစိုး

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



မြိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ၂၇ ရက်မှ နိုဝင်ဘာ ၂၈ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးမှုန့် တန် ၉၀၀၊ တန်ဖိုး ၀ ဒသမ ၇၉၉ ဒေါ်လာသန်းနှင့် ငါးကြိတ်သား ၅ ဒသမ ၉၂ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၁ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

မြိတ် ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂၉ ရက်အတွင်း သွင်းကုန် တင်သွင်းမှုအနေဖြင့် ငါးဖမ်းပစ္စည်း ၂၀ ဒသမ ၄၁၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၂၄ ဒေါ်လာသန်း၊ ဆိုင်ကယ်အပိုပစ္စည်း ၀ ဒသမ ၅၇ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၁ ဒေါ်လာသန်း၊ ဆိုင်ကယ်တာယာ အလုံး ၄၀၀၊ တန်ဖိုး ၀ဒသမ ၀၀၂ဒေါ်လာသန်းနှင့် ကြွေပြားကပ်အမှုန့် ၈၂ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၈ ဒေါ်လာသန်း တင်သွင်းခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီ တစ်လီတာ ၂၈၅၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ကျပ် ၂၈၆၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ဒေသငွေလဲနှုန်း အနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ ၁ ဘတ်လျှင် ၉၆ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

(DOT မြိတ်)

# ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၆ သန်းကျော်ရှိ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ၃ ဒသမ ၀၀ ဒေါ်လာသန်းနှင့် သွင်းကုန် ၁ ဒသမ ၅၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ကုန်သွယ်မှု ၄ ဒသမ ၅၀၀ ဒေါ်လာသန်း ဖြစ်သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၂၈ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၅ ဒသမ ၁၆၇ ဒေါ်လာသန်းနှင့် သွင်းကုန် ၁ ဒသမ ၈၂၄ ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၆ ဒသမ ၉၉၁ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှု လျာထားချက်အပေါ် ၁၅၅ ဒသမ ၃၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်အထိ ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျော ၁၃၆၉၂ တန်နှင့် နှမ်းနက် တန် ၅၀၊ ရော်ဘာစိမ်း ၂၀၈ တန်၊ ရွှေဖရုံသီး ၁၅ တန်၊ ဖရဲသီး တန် ၂၀၀ နှင့် ဆန် တန် ၇၀ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီးနှင့် ကြွေပြားတို့ကို တင်သွင်းနိုင်ခဲ့သည်။

(DOT ကံပိုင်တည်)

# ပေါက်မြို့နယ် အောက်ကျင်းကျေးရွာ၌ ခရမ်းချဉ်သီးလှိုင်လှိုင်ထွက်

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ယောချောင်းဘေးရှိ အောက်ကျင်းကျေးရွာ၌ ခရမ်းချဉ်သီးနံ့ကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း၊ ငွေကျပ် ၂၄ သိန်းခန့်ရှိကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး နှစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ နိုဝင်ဘာလမှစတင်၍ ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ရက်လျှင် ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ၁၆၀၀ ကျပ်ရှိကြောင်း သိရသည်။ အောက်ကျင်း ကျေးရွာရှိ ခရမ်းချဉ်သီးစိုက်ခင်းများမှ ထွက်ရှိလာသော ခရမ်းချဉ်သီးများကို ပခုက္ကူမြို့နှင့် ကံမမြို့များသို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း အောက်ကျင်းကျေးရွာရှိ ခရမ်းချဉ်သီးစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မကွေး)

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံနှင့် နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၆၀၀ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၃၃၅ ဒေါ်လာသန်း၊ ဆန်ကွဲ ၁၂၇ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၅၆ ဒေါ်လာသန်း၊ ပြောင်း ၃၅၀ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၉၁ ဒေါ်လာသန်း၊ ရော်ဘာ ၆၆ ဒသမ ၀၀ တန်၊ ၀ ဒသမ ၀၈၅ ဒေါ်လာသန်း၊ တစ်သျှူးငှက်ပျော ၄၈ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၇ ဒေါ်လာသန်း၊ ဖရဲသီး ၄၉ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၇ ဒေါ်လာသန်းနှင့် သခွားမွှေး ၄၇ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၀ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် စက္ကူလိပ် ၆ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၂ ဒေါ်လာသန်း၊ ထွန်စက် အစီး ၅၀၊ တန်ဖိုး ၀ ဒသမ ၀၂၉ ဒေါ်လာသန်း၊ အသားချောင်း ၂၆ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၄ ဒေါ်လာသန်း၊ ဂျပ်စက္ကူ ၃၃ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၃ ဒေါ်လာသန်း၊ ဖော့ ၁၇ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၀ ဒေါ်လာသန်းနှင့် ကုန်စုံ ၁၈ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၂၉ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် နိုဝင်ဘာ ၂၈ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၅၉ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

(DOT လွယ်ဂျယ်)

# ရွှေဘိုမြို့၌ မြေပဲလုံးဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ စက်တင်ဘာလ၊ (တတိယပတ်)မှ စတင်၍ မြေပဲလုံးဆန်(နီ၊ ဖြူ)များ ဝင်ရောက်ခဲ့ရာ နိုဝင်ဘာလ(စတုတ္ထပတ်)တွင် မြေပဲလုံးဆန်(ဖြူ) တစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ မြေပဲလုံး ဆန် (ဖြူ)တစ်တင်းလျှင် ကျပ် ၉၁၂၀၀ ပေါက်ဈေးရှိပြီး နိုဝင်ဘာ (စတုတ္တပတ်)အတွင်း ၁၈၀၀ တင်း/တန်အားဖြင့် ၄၁ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက နိုဝင်ဘာလ(တတိယပတ်)၌ မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ကျပ် ၈၆၄၀၀ ပေါက်ဈေးရှိခဲ့သဖြင့် နိုဝင်ဘာလ (စတုတ္ထပတ်)တွင် မြေပဲလုံးဆန်(ဖြူ)တစ်တင်းလျှင် ကျပ် ၄၈၀၀ ဈေးနှုန်းပိုမို၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## ၂၉.၁၁.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၇၀၀ | | ၄၁၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၅၀၀ | ၂၇၅၀ | ၅၅၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၃၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | | ၁၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် နှင့် ပေါ်ဆန်းဆန် တစ်ပြည်လျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၃၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၅၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၀၊ ဆား တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၅၀၀၊ ဝက်သား တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ အမဲသား တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ငွေကျပ် ၁၅၀၊ ငရုတ်ခြောက်နှင့် ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၀၀၀၊ လားရှိုး၊ မြိတ်နှင့် ပြည်တွင် ငွေကျပ် ၁၀၀၀၊ ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၃၀၀၊ မန်ကျီးသီး တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀ ဈေးကျခဲ့ပါသည်။

(၃) ရန်ကုန်မြို့၏ ဒေါ်လာဈေးသည် ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းကို ကောက်ယူပေးပို့ထားခြင်းဖြစ်ပါသည်။ မန္တလေးမြို့၏ ရွှေဈေးနှင့် ဒေါ်လာဈေးမှာ ရွှေအသင်းဥက္ကဋ္ဌမှ အရောင်းအဝယ်မဖြစ်ပါသဖြင့် စာရင်းကောက်ယူနိုင်မှုမရှိကြောင်း သိရပါသည်။

(၄) ဘားအံနှင့် စစ်တွေတွင် ရန်ကုန်မှ ဝင်ရောက်သော (စားအုန်းဆီ)မှာ ဈေးကွက်တွင်း ရောင်းချနိုင်ခြင်း မရှိသော်လည်း ဘားအံတွင် ငွေကျပ် ၅၂၀၀၊ စစ်တွေတွင် ငွေကျပ် ၅၄၀၀ ဈေးရှိကြောင်း သိရပါသည်။

(၅) ကျိုင်းတုံနှင့် ဟားခါးတွင် ရန်ကုန်မှ စားအုန်းဆီ ဝင်ရောက်မှု မရှိကြောင်း သိရှိရပါသည်။

(၆) ကလေးမြို့ရှိ စားအုန်းဆီဈေးနှုန်းမှာ ဝေးလံခေါင်ဖြားသော ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်များကြောင့် (၁)ပိဿာလျှင် ကျပ် ၉၀၀၀ ဈေးရှိကြောင်း သိရပါသည်။

# မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် မြှင့်တင်ဆောင်ရွက်ကြပါစို့

မြတ်သန္တာ

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဆိုအရ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်၊ လူဦးရေ တစ်ဘီလီယံကျော်ခန့်သည် မသန်စွမ်းမှုပုံစံဖြင့် နေထိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် Myanmar Inter-Censal Survey က ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း (ခန့်မှန်းခြေလူဦးရေ ၅ ဒသမ ၉ သန်း) သည် မသန်စွမ်းသူများ ဖြစ်သည်။**



(၁၁) ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော ထိုင်လျက်ဘော်လီဘောကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများကဲ့သို့ပင် မသန်စွမ်းသူများ ပိုမိုပါဝင်နိုင်သော လူ့အဖွဲ့အစည်းတစ်ခုဖန်တီးရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ထင်ရှားသောမှတ်တိုင်တစ်ခုမှာ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRPD) ကို ၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ဤအချက်သည် မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေး၊ တန်းတူညီမျှခံစားခွင့်များကိုမြှင့်တင်ရန်၊ ကာကွယ်ရန်နှင့် အာမခံချက်ပေးရန် အစဉ်အလေးထားကြောင်းကို ပြသနိုင်ခဲ့သည်။

## အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်

သို့သော် သိသာထင်ရှားသော အတားအဆီး၊ စိန်ခေါ်မှုများလည်း ရှိနေသေးသည်။ ဥပမာ မသန်စွမ်းသူများအနေဖြင့် အများသူငါနေရာများ၊ သယ်ယူပို့ဆောင်ရေးကို အခက်အခဲနည်းစွာ အသုံးပြုနိုင်ခြင်းနှင့် သတင်းအချက်အလက်များ ရယူနိုင်မှုမရှိခြင်းတို့က ကဏ္ဍမျိုးစုံတွင် မသန်စွမ်းသူများ အပြည့်အဝပါဝင်နိုင်မှုကို အဟန့်အတားဖြစ်စေသည်။ ထိုပြဿနာများကို ဖြေရှင်းရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) နှင့် အရပ်ဘက်အဖွဲ့အစည်းများက အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။

ယင်းအဖွဲ့အစည်းများက အသိပညာများ မြှင့်တင်ရန်၊ ပံ့ပိုးကူညီရန်နှင့် အားလုံးပါဝင်နိုင်မှုကို မြှင့်တင်ရန်ရည်ရွယ်သည့် မူဝါဒဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ကူညီလျက်ရှိသည်။ ယင်းတို့အနက် အဖွဲ့အစည်းတစ်ခုမှာ လွတ်လပ်သော လူနေမှုဘဝမြှင့်တင်ရေး (Myanmar Independent Living Initiative (MILI) အဖွဲ့ကြီးဖြစ်သည်။ ၎င်းအဖွဲ့ကြီးသည် မသန်စွမ်းသူများ လုပ်ငန်းခွင်ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ရပ်ရွာဖြင့် ထိတွေ့ဆက်ဆံမှု၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် ကိုယ်ပိုင်ခံစားချက်များကို မြှင့်တင်ပေးခြင်းဖြင့် မသန်စွမ်းသူတစ်ဦးချင်းအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို လုပ်ဆောင်သည်။

## စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေ

ပြည်တွင်း၌သာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ၏မသန်စွမ်းသူများအတွက် ကြိုးပမ်းအားထုတ်မှုများတွင် သိသိသာသာ အထောက်အကူပြုသည်။ နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများက ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များနှင့် ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်တစ်ရပ်ကို ဆောင်ကြဉ်းပေးသဖြင့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေပါသည်။

ပညာရေးသည် မသန်စွမ်းသူတစ်ဦးချင်း၏ စွမ်းဆောင်ရည်နှင့် လူမှုအသိုင်းအဝိုင်း အတားအဆီးများကို ဖြိုဖျက်ရာတွင် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များနှင့် မသန်စွမ်းလူကြီးများ ပညာသင်ကြားခွင့်ရရှိရေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ Myanmar Education Consortium (MEC) ကဲ့သို့သော အဖွဲ့အစည်းများသည် မတူကွဲပြားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အားလုံးပါဝင်နိုင်သည့် ပညာရေးစနစ်ကို ဖန်တီးရန်လုပ်ဆောင်နေကြသည်။ သို့သော်လည်း အထူးပြု ဆရာ၊ ဆရာမများ ရှားပါးမှု၊ လက်လှမ်းမီနိုင်သော အခြေခံအဆောက်အအုံများမရှိခြင်းနှင့် မသန်စွမ်းမှုဆိုင်ရာ လူမှုရေးသတ်မှတ်ချက်များအပါအဝင် စိန်ခေါ်မှုများ ဆက်လက်ရှိနေပါသည်။

## မသန်စွမ်းသူများသည် အတားအဆီးများနှင့် ရင်ဆိုင်ရလေ့ရှိ

အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် မသန်စွမ်းသူများသည် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများအတွက် အတားအဆီးများနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ၎င်းတို့၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ အထင်အမြင်လွဲမှားမှုများက လုပ်သားအင်အား လျော့နည်းစေသည်။ ထို့ကြောင့် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ရေး ပရိုဂရမ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့သော ဆောင်ရွက်ချက်များက မသန်စွမ်းသူများ ပိုမိုပါဝင်နိုင်သည့် အလုပ်အကိုင်ဈေးကွက်ကို ဖန်တီးရာတွင် အရေးပါသည်။

**မြန်မာနိုင်ငံတွင် မသန်စွမ်းသူများသည် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများအတွက် အတားအဆီးများနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ၎င်းတို့၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ အထင်အမြင်လွဲမှားမှုများက လုပ်သားအင်အား လျော့နည်းစေသည်။ ထို့ကြောင့် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ရေး ပရိုဂရမ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့သော ဆောင်ရွက်ချက်များက မသန်စွမ်းသူများ ပိုမိုပါဝင်နိုင်သည့် အလုပ်အကိုင်ဈေးကွက်ကို ဖန်တီးရာတွင်အရေးပါ**

ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးသည် အခြေခံအခွင့်အရေးဖြစ်သော်လည်း မသန်စွမ်းသူများသည် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ ရရှိရေးတွင် အတားအဆီးများနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရန်၊ မသန်စွမ်းသူများ၏ အလေ့အကျင့်များအကြောင်း၊ ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်ပေးခြင်း၊ မသန်စွမ်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအကြောင်း အသိပညာပေးခြင်းဖြင့် ပြဿနာကိုဖြေရှင်းရန် တွန်းအားဖြစ်စေနိုင်သည်။

မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်သော အသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် အသိဥာဏ်နှင့် နားလည်မှုများကို မြှင့်တင်နိုင်ရန် အရေးကြီးသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရပ်ရွာလူထုက တက်ကြွစွာပါဝင်မှသာ မသန်စွမ်းသူများအား တန်ဖိုးထားမှုနှင့် လက်ခံသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အစိုးရအနေဖြင့်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေများကို စဉ်ဆက်မပြတ် ခိုင်မာအားကောင်းအောင် လုပ်ဆောင်သင့်ပြီး မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေးဥပဒေများ၊ စံနှုန်းများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများ အပါအဝင် မူဝါဒများ၏ ထိရောက်မှုကို အကဲဖြတ်ရန်နှင့် စောင့်ကြည့်ရန်လည်း လိုအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သည် မသန်စွမ်းသူများအနေဖြင့် ကမ္ဘာကြီးတွင် ပိုမိုပါဝင်နိုင်သော ကမ္ဘာကို ဖန်တီးရန်အတွက် ဆက်လက်ကြိုးစားအားထုတ်သွားရန် အရေးကြီးကြောင်း သတိပေးသောနေ့ တစ်နေ့ဖြစ်သည်။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ အခွင့်အလမ်းများ အပြည့်အဝခံစားနိုင်ရေး ဆောင်ရွက်ရာတွင် တိုးတက်မှုရှိသော်လည်း စိန်ခေါ်မှုများ ရှိနေသေး၍ ရရှိထားသော အောင်မြင်မှုများကို အသိအမှတ်ပြုခြင်း၊ အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်၍ လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်ပြီး အကျိုးပြုနိုင်သည့် အနာဂတ်ဆီသို့ လှမ်းကြရမည်ဖြစ်သည်။ ။

# မင်္ဂလာဒုံမြို့နယ်၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် လူငယ်ရေးရာဟောပြောပွဲပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၂၉**

ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ပိုမိုဖြစ်ထွန်းလာစေရန် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝုန်လွန်းညောင်က လူငယ်များသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပတ်သက်၍ပိုမိုသိရှိစေရန်၊ အသိဉာဏ်ပညာကြွယ်ဝလာစေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသားလူငယ်များကလည်း ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကျောင်းသူ ကျောင်းသားများထံမှ သိမှတ်စရာများကို သေချာစွာမှတ်သားလိုက်နာကြရန် ပြောကြားသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် မူးယစ်ရန်စွယ် ဒို့ကာကွယ်ခေါင်းစဉ်ဖြင့် Grade-8 မှ မသီရိဇင်၊ Grade-9 မှ မမြဖူးငုံ၊ မသော်ဇင်စိုးခိုင်၊ မောင်ဟိန်းသူရဇော်၊ မောင်သူထူးပိုင်၊ မောင်အောင်ပြည့်ဖြိုးပိုင်တို့က ယှဉ်ပြိုင်ခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ဒွေးလင်း (မင်္ဂလာဒုံ)**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"

"United in action to rescue and achieve the SDGs for, with and by persons with disabilities"

၃.၁၂.၂၀၂၃ နေပြည်တော်

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့(၁၆)ရက်တာလှုပ်ရှားမှု

"UNITE! Invest to Prevent Violence against Women and Girls"

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး"

၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၂၅)ရက်နေ့မှ
ဒီဇင်ဘာလ(၁၀)ရက်နေ့အထိ

# ပုဗ္ဗသီရိမြို့နယ်၌ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ပညာပေး ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်သည့် ပုဗ္ဗသီရိမြို့နယ် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ပညာပေးသင်တန်း ဆွေးနွေးပွဲသို့ ယမန်နေ့က သွားရောက်ပြီး တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေးသုတေသန (ရေဆင်း) ဆီထွက်သီးနှံဌာနစု တာဝန်ခံဒေါက်တာခင်မျိုးဝင်းက နေပြည်တော်အတွင်း နည်းပညာဖြန့်ဝေပေးနေမှု အခြေအနေများ၊ ယခုပညာပေးသင်တန်းတွင် ပို့ချမည့် မျိုးရွေးချယ်နည်း၊ မြေပြုပြင်နည်း၊ စိုက်ပျိုးနည်းများနှင့် ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို သမားရိုးကျ မိရိုးဖလာစိုက်ပျိုးနည်းမှတစ်ဆင့် ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးနိုင်ရေး၊ ရည်မှန်းချက်ပန်းတိုင် အထွက်နှုန်းများရရှိအောင် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်က နေပြည်တော်တွင် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် နည်းပညာဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၂၉**

ကျိုင်းတုံမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် ၁၁ မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွင် ၈၇ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ၉၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ) မှ ညွှန်ကြားရေးမှူး ဒေါ်ခင်ညိုညိုနှင့် တာဝန်ရှိသူများက ကြည့်ရှု၍ ဗဟိုအဆင့်သို့ ဆက်လက်အားပေးသည်။ အဆိုပါ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲများတွင် Grade-5 မှ Grade-9 အထိ ပထမရရှိသူတစ်ဦးစီကို ရွေးချယ်၍ ဗဟိုအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာစကား ဝေါဟာရကြွယ်ဝစေရေး၊ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ရေးသားမှုစွမ်းရည်၊ အင်္ဂလိပ်စာဘာသာစကားပြော ကျွမ်းကျင်မှုစွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်တတ်မှု၊ ထိုးထွင်းသိမြင်နိုင်မှု စွမ်းရည်များ မြှင့်တင်ရန်နှင့် နေ့စဉ်ဘဝပြဿနာများ ဖြေရှင်းတတ်လာစေရန်၊ စွမ်းရည်ပြည့်ဝသော ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွက်လာစေရန် အတွက်လည်းကောင်း ကျင်းပပေးခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ) မှ သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**နတ်မောက် နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မူလတန်း၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ ဦးစွာ ဒုတိယမြို့နယ် ပညာရေးမှူးက ပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့က "အမျိုးသားအောင်ပွဲနေ့ကို တန်ဖိုးထားလို့ ငြိမ်းချမ်းစည်းလုံးသော နိုင်ငံတော်ကြီးတည်ဆောက်စို့" ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား မြို့နယ်ပညာရေးစုံညီပွဲတော်တွင် ဆုများချီးမြှင့်ပေးမည် ဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

# ဆီဆိုင်မြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**ဆီဆိုင် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ကယားပြည်နယ်မှ ခေတ္တခိုလှုံရောက်ရှိနေသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ယနေ့နံနက်ပိုင်းက နောင်ကျောကျေးရွာအုပ်စု ဘုရားဖြူကျေးရွာဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး၏ကြီးကြပ်မှုဖြင့် ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကယားပြည်နယ်မှ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ဘုရားဖြူကျေးရွာဓမ္မာရုံ၌ ခေတ္တခိုလှုံရောက်ရှိနေသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးကြောင်း သိရသည်။

**မျိုးမြတ် (ဆီဆိုင်)**

# ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) ပုံမှန်အတိုင်း ဖွင့်လှစ်သင်ကြား

**ပခုက္ကူ နိုဝင်ဘာ ၂၉**

သိပ္ပံနှင့် နည်းပညာရေးဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကို နိုဝင်ဘာ ၂၃ ရက်မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဆက်လက်တက်ရောက်လျက်ရှိကြသည်။

ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ) တာဝန်ခံကျောင်းအုပ်ကြီး ပါမောက္ခဒေါက်တာသိန်းသန်းသွင်၏ ဦးဆောင်မှုဖြင့် ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်ဌာနနှစ်ခုတွင် ပထမနှစ်မှ ပဉ္စမတန်းအထိ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဘာမီသာ (ပခုက္ကူ)**

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တီဘီရောဂါရှာဖွေကုသမှုများဆောင်ရွက်

**ငဖဲ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးဌာနတို့ပူးပေါင်းပြီး တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအရ ငဖဲမြို့နယ် ပေကုန်းကျေးရွာ ကန်လယ်မင်းကျောင်းတိုက်ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက တီဘီရောဂါ၊ အနာကြီးရောဂါနှင့် အထွေထွေရောဂါများ ရှာဖွေကုသပေးခြင်းကို ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာခိုင်မြင့်ဇင်က တီဘီရောဂါအကြောင်း သိကောင်းစရာများ၊ ရောဂါလက္ခဏာများနှင့် ဆေးကုသမှုခံယူနေစဉ်အတွင်း ဆေး၏ ဘေးထွက်ဆိုးကျိုးလက္ခဏာများ ကြုံတွေ့ရပါက ကျန်းမာရေးဝန်ထမ်းများနှင့် ချက်ချင်းသွားရောက် ဆွေးနွေးပြီး ဆေးကုသမှုခံယူရန် အသိပညာပေးပြောကြားသည်။ ထို့နောက် တီဘီရောဂါ လူနာ ၉၇ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါဆေးကုသပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း နှင့် နိုဝင်ဘာ ၃၀ ရက်တွင် ပဒါန်းကျေးရွာ၊ ဒီဇင်ဘာ ၁ ရက်တွင် ပြန်ကြည်ကျေးရွာများသို့ သွားရောက်ကုသမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)



## မြို့နယ်များ၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

**ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) အား ကြိုဆိုဂုဏ်ပြုသော အားဖြင့် "လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့နယ်များ၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့ဆောင်ရွက်ပေးနေမှုများကို စုစည်းဖော်ပြအပ်ပါသည်။**

### ရွှေတောင်

ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမားရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့် ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ရွှေတောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း (ကြာနီကန်)တွင် ကျောင်းသား၊ ကျောင်းသူများအား အမြင်အာရုံစစ်ဆေးပေးခြင်း၊ သွားတိုက်နည်းသရုပ်ပြခြင်း၊ သွားကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ စုပေါင်းပြီး စနစ်မှန်လက်ဆေးနည်း သရုပ်ပြခြင်းနှင့် ကျောင်းဈေးဆိုင် စစ်ဆေးခြင်းများကို ပြုလုပ်ခဲ့သည်။

ထို့အတူ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (မူကြိုကျောင်း) တွင်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးကျန်းမာရေး အသိပညာပေးခြင်း၊ သွားတိုက်နည်းသရုပ်ပြခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)



### ရမည်းသင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အခြေခံပညာကျောင်းများ၌ ကျောင်းသားလူငယ်များအား အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို နိုဝင်ဘာ ၂၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော် ဦးဆောင်၍ ကျောင်းသားလူငယ်များအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားနှင့်ခံတွင်းသန့်ရှင်းရေး ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို အခမဲ့မျက်စိစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ နိုဝင်ဘာ၂၈ ရက်က အမှတ်(၅) မြို့မအခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားလူငယ်များကို အခမဲ့ မျက်စိစမ်းသပ်ကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ပြန်/ဆက်)



### ဖြူး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအခမ်းအနားနှင့် မကူးစက်နိုင်သောရောဂါများ ရှာဖွေကုသပေးခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၂၉ ရက်က စတင်ကာ မြို့နယ်စည်ပင်သာယာခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ဖြူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုးက မကူးစက်နိုင်သော ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ကျန်းမာရေးအတွက် စုပေါင်းလေ့ကျင့်ခန်းများ ဆောင်ရွက်သည်။

ဆက်လက်၍ ဖြူးမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



### တပ်ကုန်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်များနှင့် သီလရှင်များအား ဒုတိယအကြိမ် အသည်းရောင်/အသားဝါ ဘီပိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၂၈ ရက်က ဆရာစံရပ်ကွက် မဟာဇနကစာသင်တိုက် ဇနကဗိမာန်တော်စုရပ်၌ ဆောင်ရွက်သည်။

အဆိုပါဆေးထိုးစုရပ်တွင် တပ်ကုန်းခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ဒေါက်တာကျော်မောင် ဦးဆောင်သည့် ကာကွယ်ဆေးထိုးအဖွဲ့များ၊ မြို့နယ်သာသနာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်းကာ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

တပ်ကုန်းမြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ သံဃာအပါး ၁၅၀၊ သီလရှင်ကျောင်း ငါးကျောင်းမှ သီလရှင် ၁၅ပါး စုစုပေါင်း ၁၆၅ ပါးအား အသည်းရောင်/အသားဝါဘီပိုးရောဂါကာကွယ်ဆေး ဒုတိယအကြိမ် အခမဲ့ထိုးနှံပေးခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် တတိယအကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)



### ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၉ ရက်က ဆောင်ရွက်သည်။

အသိပညာပေးဟောပြောရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးက ရုတ်တရက် ဦးနှောက်ရောင်ရောဂါအပါအဝင် ၁၅ နှစ်အောက် ကလေးများတွင် အဖြစ်များသော ရောဂါများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အသက်ငါးနှစ်မှ ၁၂ နှစ်အထိ ကိုဗစ် ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံရန် ကျန်ရှိနေသော ကျောင်းသား ကျောင်းသူများအား ကိုဗစ် ကာကွယ်ဆေးထိုးနှံပေးသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သံခတ်အားဆေးများ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတက်ရောက်

**စစ်တွေ နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ထုတ်ကုန်အဖြစ် ဆန်စပါး အဆင့်မြှင့်တင်ထုတ်လုပ်ရေး၊ ရေထွက်ကုန် ပစ္စည်းများတိုးချဲ့ထုတ်လုပ်ရေး၊ ရိုးရာရက်ကန်းလုပ်ငန်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသတွင်းရရှိနိုင်သည့် ကုန်ကြမ်းများကို အသုံးပြုကာ တီထွင်ဆန်းသစ်မှုနှင့်အတူ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် MSME လုပ်ငန်းများ အရင်းအနှီးရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး ဆက်လက် ထုတ်ချေးပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဂျင်စီတွင် ပါဝင်သော ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များက မိမိတို့ ဆောင်ရွက်ရမည့်ကဏ္ဍ၊ ပါဝင်ပံ့ပိုးကူညီပေးရမည့်လုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် MSME Agency ဥက္ကဋ္ဌ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တို့မှ ပြည်နယ်ဦးစီးမှူးများက ရခိုင်ပြည်နယ်အတွင်း MSME လုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၅၁ ဦး၊ စုစုပေါင်း ၂၆၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၀၃၄ ဦး၊ အမျိုးသမီး ၁၁၃၆ ဦး၊ စုစုပေါင်း ၁၀၁၇၀ တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်မှုတွင် "ဟာသမြို့တော်" ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "လိုတမရ" ခေါင်းစဉ်ဖြင့် တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဟာသစတိုင်လ်လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်၍ အကယ်ဒမီအောင်ခိုင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဦးရာကျော်၊ ဦးတိမ်ညွန့်၊ ဦးရွှေခဲ၊ မတူး၊ ကြယ်စင်လင်းနှင့် ဟာသပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ဒီဇင်ဘာ ၂ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ **"ဘယ်သူမှန်လဲ အပြိုင်ကြဲ"** အစီအစဉ်သစ်ကို အပတ်စဉ်တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုအပတ်တွင် "ရုပ်ရှင်က တိုင်းပြည်ကို အကျိုးပြုတယ်"၊ "စာပေက တိုင်းပြည်ကို အကျိုးပြုတယ်" ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ ကြယ်စင်(လားရှိုး)(စာရေးဆရာမ) နှင့် သရုပ်ဆောင် မေဖြူကြည်သင်းတို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီသတင်းအပြီးတွင်လည်း (Replay) ထပ်မံ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၀၀ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၀ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၀၀ ကျပ် | ၂၃၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၅ | ၄၃၈၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၁၀၁၃၄ | ၂၉၃၈၉၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၄၆၈ | ၇၄၈၈၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၀၀ | ၄၀၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၂ | ၁၀၇၈၀၀ |
| MAEPC | ၁၇၀၀ | ၁၆၅၀ | ၁၂၁၀ | ၂၀၀၆၅၅၀ |

ညီညီ - စုစည်းသည်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စားသောက်ဖွယ်ရာ များကို လည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေးကြသည်။ (ဝဲပုံ)





စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသား ပေးပို့သည့် "တိုင်းပြည်နှင့် ပြည်သူများအပေါ်မှာ ကာကွယ်စောင့်ရှောက်တဲ့ မြင့်မြတ်စိတ်ထားကောင်းတဲ့ တပ်မတော်သားများ ရန်သူမျိုးငါးပါးမှ ကင်းဝေးကြပါစေ၊ တပ်မတော်သားများ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ ကျန်းမာပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ" စသည့် ဆုတောင်း မေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား နိုဝင်ဘာ ၁ ရက်မှ ၂၈ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗောတံတားသို့ ပြန်လည်ရောက်ရှိလာရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူ ၁၃၉၂၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၇၈၂ ဦး၊ ခွဲစိတ်ရောဂါ ၉၈၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၃၈ ဦး၊ကလေးရောဂါ ၅၃၂ ဦး၊ အရိုးရောဂါ ၂၇၅၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၈၅၃ ဦး၊ မျက်စိရောဂါ ၂၈၈၄ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၇၉၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၅၁ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၆၈ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၆၂ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၉၉ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၂၆၇ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာ ၄၁၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် နှစ်ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ ၁၃ ဦးတို့ကိုလည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သည့် လက်ဆောင်ပစ္စည်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (ဝဲပုံ)

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈) ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၂၁)ရှိ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၁၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်/ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်းနှင့် ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ပြည်တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ပြည် နိုဝင်ဘာ ၂၉

ပြည်ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ပြည်တက္ကသိုလ်မှ ပါမောက္ခများ၊ ကထိကများအပါအဝင် ဆရာဆရာမများ၊ ရုံးဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၄ ဦးနှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်) ၌ စုစုပေါင်း ၅၈ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးသည်။ အဆိုပါ ဆောင်ရွက်မှုကို တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကိုဆက် (ပြန်/ဆက်)**



❒ *ကျော့ဖုံးမှ*

ပွဲအစပိုင်းမိနစ်များတွင် နယူးကာဆယ်အသင်းက ဖိအားပေးကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် အိမ်ရှင်ပီအက်စ်ဂျီအသင်းကသာ တစ်ဖတ်သတ် ဖိအားပေး ကစားနိုင်ခဲ့သည်။

ဦးဆောင်ဂိုးကို နယူးကာဆယ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် အယ်မီရွန်၏ ဖန်တီးမှုကို အီဆတ်က အဆုံးသတ် သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း နာကျင်အချိန်ပို ၉၈ မိနစ်တွင် ပီအက်စ်ဂျီအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး အသင်းတိုက်စစ်ကစားသမား အမ်ဘာပေ သွင်းယူပေးသဖြင့် တစ်ဂိုးစီ သရေကျခဲ့သည်။

ယခုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ဂိုးကန်သွင်းခွင့် (၃၁) ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်ထက် မနည်းရှိခဲ့သော်လည်း နယူးကာဆယ်အသင်းက ဂိုးကန်သွင်းခွင့် ငါးကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ်သာ ရှိခဲ့သည်။ ယခုပွဲစဉ်သရေကျမှုကြောင့် ပီအက်စ်ဂျီအသင်းက ရမှတ် ခုနစ်မှတ်၊ နယူးကာဆယ်အသင်းက ရမှတ် ငါးမှတ်ရရှိထားသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဒေါ့မွန်က အေစီမီလန်ကို သုံးဂိုး-တစ်ဂိုး၊ လာဇီယိုက ဆဲလ်တစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက လိုက်ပ်ဇစ်ကို သုံးဂိုး-နှစ်ဂိုး၊ ယန်းဘွိုင်းက ရက်စတားစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ရှက်တာဒိုးနက်က အန့်ဝပ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘာစီလိုနာက ပေါ်တိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

## ရခိုင်ပြည်နယ်အတွင်း စစ်တပ်က လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူ ၁၂ ဦး သေဆုံးခဲ့သည်ဟု ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် DVB သတင်းဌာနက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း စစ်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ယနေ့အထိ အရပ်သား ပြည်သူ အမျိုးသမီးလေးဦး၊ အမျိုးသား ရှစ်ဦး၊ စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့သည်ဟု အေအေပီပီ မှတ်တမ်းနှင့် သုတေသနဌာနက စောင့်ကြည့်လေ့လာမှုအရ သိရှိရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ တစ်ခုဖြစ်သည့် DVB သတင်းဌာနက သတင်းတု၊ သတင်းအမှားများ ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများ အနေဖြင့် နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူမှုများ ဖြစ်လာစေရန် အတွက် ကဏ္ဍပေါင်းစုံတွင် မဟုတ်မမှန် သတင်းများ လုပ်ကြံဖန်တီး ရေးသားလျက်ရှိသည့်အပြင် တပ်မတော်နှင့် ပြည်သူများအကြား သွေးကွဲစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်အား အထင်အမြင် လွဲမှားစေရန် အတွက်လည်း နည်းလမ်းမျိုးစုံ အသုံးပြု၍ သွေးခွဲသပ်လျှိုလျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အကြမ်းဖက်သမားများကို ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorisn Operation) ကို တိကျစွာလိုက်နာ ဆောင်ရွက်လျက်ရှိပြီး ယခုတရားမဝင် ပြည်ဖျက်မီဒီယာက ရေးသားထားသည့် သတင်းမှာ မှန်ကန်မှုမရှိဘဲ တပ်မတော်မှ ပြည်သူများ နေထိုင်ရာနေရာများသို့ မည်သည့်အခါမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက် သောင်းကျန်းသူများသည် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ပြည်သူများ နေထိုင်ရာမြို့ရွာများကို ရည်ရွယ်ချက်ရှိစွာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများသာရှိပြီး ထိုသို့ ပစ်ခတ်မှုများကြောင့် အပြစ်မဲ့ပြည်သူအချို့ သေဆုံး၊ ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြိတ်မြို့နှင့် ထားဝယ်မြို့တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားများကို ပစ်မှတ်ထားဖမ်းဆီးနေဟု သတင်းမှားဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၂၉**




တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ထားဝယ်မြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားများအား အစစ်အဆေးမရှိ ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်နေကြောင်း ထားဝယ်မြို့ ကြက်စာပြင်ရပ်ကွက် စောမိညိုလမ်းနှင့် ကာစတန်ဆိပ်ကမ်း၌ နိုဝင်ဘာ ၂၆ ရက် ညပိုင်းတွင် ဒေသခံအမျိုးသား ၃၀ ဦးနီးပါးကို လုံခြုံရေးအဖွဲ့မှ ဖမ်းဆီးသွားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုပ်ကြံသတင်းအတုသာဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၂၆ ရက်တွင် လုံခြုံရေးအဖွဲ့များ ယင်းနေရာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့မှုမရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင် ပြည်ဖျက်မီဒီယာများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးအဖွဲ့များက ပြည်သူများစိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် တာဝန်ထမ်းဆောင်နေမှုများအပေါ် အထင်အမြင် လွဲမှားစေရန် ဦးတည်ရည်ရွယ်၍ ကောလာဟလ သတင်းတု၊ သတင်းမှားများကို ဖန်တီးရေးသား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ငွေကျပ် ၈၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေး ကက်တမင်း ၂ ဒသမ ၃ တန် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ငွေကျပ် ၈၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိစိတ်ပြောင်းဆေး ကက်တမင်း ၂ ဒသမ ၃ တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာအနီးတွင် ရေးမှ ထားဝယ်ဘက်သို့ ခင်ဇော် မောင်းနှင်ပြီး အောင်ကျော်ဦး လိုက်ပါလာသည့် SINOTRUK TIPPER မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလ တန်ဖိုးငွေကျပ် ၈၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေး ကက်တမင်း ၂ ဒသမ ၃ တန် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ချက်အရ နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီတွင် ဖမ်းမိကက်တမင်းများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မနီနီလှိုင် ကို ဘားအံ-မော်လမြိုင်ကားလမ်း ဇာသပြင်တံတားအနီး၌ TOYOTA LANDC-RUISER မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးကက်တမင်းများကို ရှမ်းပြည်နယ်မှ တနင်္သာရီတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ni Mar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်ကြင်းကုန်းကျေးရွာနေ နီမာအောင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆွာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပင်လောင်းမြို့နယ်၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘန့်ဘာကျေးရွာအုပ်စု ပင်ကာလကျေးရွာ၏ အရှေ့မြောက်ဘက်နှစ်မိုင်ခန့်အကွာရှိ အမြင့် သုံးပေခန့်ရှိ ဘိန်းခင်း ၂၅ ဧက ခန့်နှင့် ပင်ကာလကျေးရွာ၏ အရှေ့ဘက်နှစ်မိုင်ခန့်အကွာရှိ အမြင့် သုံးပေခန့်ရှိ ဘိန်းခင်း ၂၅ ဧကခန့်တို့ကို အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အမှန်တကယ်
ကြည့်မည့်
အချိန်၌သာ
တီဗွီကို
ဖွင့်ပါ၊
ကြည့်သူ
မရှိဘဲ
အချိန်ပြည့်
ဖွင့်ထားခြင်းကို
ရှောင်ကြဉ်ပါ

## အမည်ပြောင်း

ဦးငြိမ်းချမ်းအောင် ၈/ဆပဝ(နိုင်) ၀၇၇၉၁၈၏သား မင်းဘူး(စကု) မြို့နယ်၊ ကြီးပင်ကန်အမှတ်(၁) ကျေးရွာ အလက(ခွဲ) Grdae-3မှ မောင်အိန်ဂျယ်ဖြိုးအား မောင်ထွန်းအိန်ဂျလ်ဖြိုးဟု အမည်ပြောင်းခေါ်ဆိုပါရန်။

မောင်ထွန်းအိန်ဂျလ်ဖြိုး

## အမည်ပြောင်း

ဦးသောင်းနိုင် ၈/ခမန(နိုင်) ၁၂၂၀၀၇၏သမီး မင်းဘူး(စကု) မြို့နယ်၊ အထက(ခွဲ) ရွှေရောင်တော်ကျောင်း Grade-9 မှ မခက်ခက်ကျော်အား မခြူးယမုံထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မခြူးယမုံထက်

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာနေ ဦးလှမြင့် ၏သား ဦးဝဏ္ဏထွန်း ၇/ဝမန(နိုင်)၁၄၀၈၈၁ နှင့် တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ဦးဝဏ္ဏ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၂-၁၉၉၀ ဖြစ်ပါကြောင်း။



## မိတ္ထီလာနည်းပညာတက္ကသိုလ် အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၀၇၇ သန်းဖြင့် ဝန်ဇင်းရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် မိတ္ထီလာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့ပေါ် ရပ်ကွက်များအတွင်းရှိ အဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိသောလမ်းများကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နည်းပညာတက္ကသိုလ် မိတ္ထီလာအဝင်လမ်းကို အရှည် ၈၄၆ ပေ၊ အကျယ် ၁၄ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ပြီး တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူပြီး အောက်တိုဘာ ၁၀ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၇၈၃ သန်းဖြင့် ပြည်သာယာတောင် ရွက်ကွက်(၃)လမ်းကို အရှည်ပေ ၉၆၈ ပေ၊ အကျယ် ၁၂ ပေ၊ ထု သုံးလက်မရှိ ထပ်ပိုးကတ္တရာ ခင်းခြင်းလုပ်ငန်း၊ ပြည်သာယာမြောက်မျက်နှာကြီးဘုရားလမ်းကို အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိ ကတ္တရာခင်းလုပ်ငန်း၊ အောင်ဆန်းရပ်ကွက် ပွဲစားတန်းလမ်းကို အရှည် ၁၁၂၂ ပေ၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဝန်ဇင်းရပ်ကွက် နည်းပညာတက္ကသိုလ်အဝင်လမ်းကို အရှည် ၈၄၆ ပေ၊ အကျယ် ၁၄ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်)

၁။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဠ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၁) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၆၈၀၂၀) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၅၆၈၀.၂၀၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၉၇၆.၁၄၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၁၈၈.၆၁၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | ( ၄ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၅ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၅) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | ( ၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၈၈.၆၁၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၅ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၁၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | ( ၄၀၀ ) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

**၄။ (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၁၁-၂၀၂၃) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၂-၂၀၂၃) ရက်နေ့ (သောကြာနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8288, Ye Yine Aung LT(HL.53)ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၉/မထလ(နိုင်) ၂၄၀၅၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/38936, Luojia Wave 110 ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ စနိုင်မျိုးဦး ၁၄/မအပ(နိုင်) ၁၇၁၉၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/69197, HAOJUE 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လှထွန်း ၁၄/မအပ(နိုင်) ၂၀၃၅၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ ပုပ္ပါးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ ပုပ္ပါးကုန်းရပ်ရှိ မြေကွက်အမှတ် (ယ-၆၀၉)ကို အမည်ပေါက် ဦးဖိုးဆယ် (ဘ)ဦးလှရွှေ ၉/ပမန(နိုင်) ၀၇၃၈၈၇(ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်စာ(ဘ)ဦးပို ၉/ပမန(နိုင်) ၀၇၃၈၈၄မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် အမည်ပေါက်၏ သေဆုံးကြောင်းအထောက်အထား လက်မှတ်၊ မြေပေးမိန့်(မူရင်း) မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်- ( ၃၅ / ၂၀၂၃)

**၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**
**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ လစ်လပ်လျက်ရှိသော (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကွန်ပျူတာစီစဉ်ရေးမှူး ရာထူး(၅)နေရာနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး (၄)နေရာ တို့တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက administrationfd @forest.gov.mm/ forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ၁-၁-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ) ကွန်ပျူတာဘွဲ့ရပြီးသူဖြစ်ရမည်၊ (ဌာနတွင်းဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာနှင့်ပတ်သက်၍ ဒီပလိုမာ အောင်လက်မှတ်ရရှိသူဖြစ်ရမည်)၊

( ဂ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၇)နှစ် ထက်မကြီးသူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအမှူး၏ ခွင့်ပြုချက်တင်ပြရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

(င) မဟာဘွဲ့(ကွန်ပျူတာ)ရပြီးသူများအတွက် အသက်(၃၇)နှစ် ထက်မကြီးသူဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်း၍ ဒေသမရွေး တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်၊

(ဆ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြ နိုင်သူဖြစ်ရမည်၊

(ဇ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ရာထူးအလိုက်အသေးစိတ်သတ်မှတ်ချက်များ၊ လျှောက်လွှာပုံစံများနှင့် လျှောက်ထားရမည့် လိပ်စာများအား သစ်တောဦးစီးဌာန၏ Website – www.forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဒုတိယရုံပိုင်ရာထူး(၄၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်(၂၉.၁၂.၂၀၂၃)ရက်နေ့၌အသက်(၃၀)နှစ်(ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူ)ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(င) မြန်မာ့မီးရထား၊ တိုင်းအသီးသီးတွင်နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) အနိမ့်ဆုံးအရပ်(၅)ပေ(၂)လက်မ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်(၁၆၀)အတွင်းရှိရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာနမူနာပုံစံအတိုင်းလျှောက်ထားရမည်။ လျှောက်လွှာကို မြန်မာ့မီးရထား(ရုံးချုပ်)သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့ ပေးပို့လျှောက်ထားရမည်။

၃။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

(ခ) (၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ ( နောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန် )

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တ(၂)ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့/ရဲစခန်းထောက်ခံချက်(မူရင်း)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက် (မူရင်း)

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)။

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား(ရုံးချုပ်)သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီး သို့လိပ်မူ၍(၂၉.၁၂.၂၀၂၃)ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှမှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်း(အမြဲတမ်း)များသည် ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)ဖြင့်လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်နောက်ကျပေးပို့ရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသောလျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၁.၁.၂၀၂၄)ရက်နေ့ နံနက်(၀၉:၀၀)နာရီမှ ညနေ(၁၆:၀၀) နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များနှင့်အတူ လာရောက်ထုတ်ယူရမည်။

၆။ ရေး/ဖြေစာမေးပွဲကို မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော်ဘူတာကြီးတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည် -

(က) (၂.၁.၂၀၂၄)ရက်နေ့ နံနက်(၀၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ မြန်မာစာ၊ နေ့လည် (၁၂:၀၀)နာရီမှ (၁၄:၀၀)နာရီထိ အင်္ဂလိပ်စာနှင့် ညနေ (၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ အထွေထွေဗဟုသုတမေးခွန်းလွှာများအား ဖြေဆိုခြင်း၊

(ခ) ရေးဖြေအောင်မြင်ပါက စိတ်ကျန်းမာရေးနှင့် ဆေးစစ်ဆေးမှုဆက်လက်ပြုလုပ်ခြင်း၊

၇။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ(၂၈)ပတ်သင်တန်းတက်ရောက်ရမည်ဖြစ်ပြီးသင်တန်းတက်ရောက်စဉ် ကာလအတွင်း လစာနှုန်းကျပ်(၁၈၀၀၀၀/-) ဖြင့် စတင်ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်း၊ စိတ်ကျန်းမာရေးနှင့် ဆေးစစ်ဆေးခံယူရမည့်သူများစာရင်းအား စစ်ဆေးပြုလုပ်မည့်နေ့ရက်၊ နေရာနှင့်အချိန်တို့ကို သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊ တယ်လီဖုန်းနံပါတ်၊၀၆၇-၇၇၁၀၄၊၇၇၀၃၅သို့ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

## အဘိဓေပူဇော်ပွဲနှင့် (ဒုတိယ)အကြိမ် အာစရိယပူဇော်ပွဲ
## ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်းရှိ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်တွင် ၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် (အမျိုးသားနေ့) (7-12-2023) ကြာသပတေးနေ့ နံနက်(၉)နာရီအချိန်မှ စတင်၍ ပဓာနမဟာနာယက ဘဒ္ဒန္တကောဝိဒဇ ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ ပူဇော်ပွဲနှင့် (ဒုတိယ)အကြိမ် အာစရိယပူဇော်ပွဲကို ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မေဒိနီတိုက်ထွက် တပည့်သံဃာများနှင့် ဆရာတော်၏ ဒါယကာ/ဒါယိကာမ အပေါင်းတို့အားအတူတကွပြန်လည်ဆုံဆည်းပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**ဆက်သွယ်ရန် Ph-095086299/095139738**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်နေ မရွှန်းလဲ့ဖြူ၏ မိခင် ဒေါ်မော်မော်ငြိမ်း (ခ) ဒေါ်မော်ညိမ်း ၈/ရစက(နိုင်) ၀၄၃၇၂၈ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မော်မော်ငြိမ်း(ခ)ဒေါ်မော်ညိမ်း**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ သိုလှောင်ရုံများတွင် အသုံးပြုရန် သိုလှောင်ရုံသုံး ပလပ်စတစ်အောက်ခံပြား (Plastic Pallet)များ ဝယ်ယူခြင်း၊ အသင်း၏ ပင်မသိုလှောင်ရုံ(သန်လျင်)နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ပြည်နယ်သိုလှောင်ရုံး၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးလိုင်းတပ်ဆင်ခြင်း (Solar System)လုပ်ငန်းများဆောင်ရွက်ရန်နှင့် လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန်အတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန် - ၃၀-၁၁-၂၀၂၃ရက်(ရုံးချိန်အတွင်း)

တင်ဒါပုံစံများ နောက်ဆုံး ထုတ်ယူနေ့ရက်နှင့်အချိန် - ၆-၁၂-၂၀၂၃ရက် (ရုံးချိန်အတွင်း)

တင်ဒါပုံစံများ နောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့်အချိန် - ၈-၁၂-၂၀၂၃ရက် (ရုံးချိန်အတွင်း)

တင်ဒါပုံစံများ ထုတ်ယူရမည့် နေရာ

(၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)အမှတ်(၄၂)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးအာကာမင်း၊ အကြီးတန်းထောက်/ပို့အရာရှိ (ဖုန်း-၀၉-၄၂၁၀၄၈၈၄၁) ဒေါ်မာမာထွေး၊ ထောက်/ပို့အရာရှိ (ဖုန်း-၀၉-၂၅၃၈၃၈၁၉၉)

(၂) ရှမ်းပြည်နယ်(တောင်ပိုင်း)ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး၊ အနောက်မြို့ပတ်လမ်း၊ တောင်ကြီးမြို့။ ဦးကျော်ဇင်ထူး၊အထောက်အကူပြုအရာရှိ(ဖုန်း-၀၉-၉၆၈၈၆၅၄၄၄)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၅

| | | |
|---|---|---|
| ၁။ ဦးမျိုးသီဟကျော် | နှင့် | ၁။ ဦးလှသောင်း |
| ၂။ ဒေါ်နန်းလှခိုင် | | ၂။ ဒေါ်အေးမြမြသိန်း |
| | | ၃။ ဦးရွှေသိန်း(ခ)ရွှေသိမ်း |
| | | ၄။ ဒေါ်အေးအေးခိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

အေးသာယာမြို့၊ အမှတ် (၅)ရပ်ကွက်၊ နောင်အင်ဘုန်းကြီးကျောင်းရှေ့လမ်း၊ အမှတ် (၃၃)နေ (၁) တရားပြိုင် ဦးလှသောင်း (ယခုနေရပ်လိပ်စာမသိသူ)၊ အေးသာယာမြို့၊ အမှတ် (၅)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၂၃)နေ (၂) တရားပြိုင် ဒေါ်အေးမြမြသိန်း (ယခုနေရပ်လိပ်စာမသိသူ)၊ အေးသာယာမြို့၊ အမှတ် (၈) ရပ်ကွက်၊ (၅/ခ)လမ်း၊ အမှတ် (၃၀၈)နေ (၃) တရားပြိုင် ဦးရွှေသိန်း(ခ)ရွှေသိမ်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် အေးသာယာမြို့၊ အမှတ် (၆-ခ)ရပ်ကွက်၊ အမှတ် (၂၃၄)နေ (၄) တရားပြိုင် ဒေါ်အေးအေးခိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများဖြစ်ကြသော (၁) ဦးမျိုးသီဟကျော်နှင့် (၂) ဒေါ်နန်းလှခိုင်တို့က မှတ်ပုံတင်အိမ် မြေအရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၇ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူတို့က တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်၌ သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်အေးအေးသင်း ၁၄/နေဖ(နိုင်)၀၉၈၅၂၆၏ နိုင်ငံကူး လက်မှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၇၅၀၂၄၂**

**မိဘအမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကြယ်စင်အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12မှ မအိမ္ဗွန်အောင် ၈/မတန(နိုင်) ၀၇၀၉၉၆၏ မိဘအမည်မှန်မှာ ဦးမောင်ဝင်း ၈/မတန(နိုင်) ၀၁၃၀၀၅ နှင့် ဒေါ်ယဉ်လှ ၈/မတန(နိုင်)၀၁၂၈၄၅ ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီလုံရွာနေ ဦးအောင်ညွှန့်၏သမီး နန်းချိုချိုအေး ၃/လဘန(နိုင်)၀၃၄၀၁၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၁၉၇၈ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ခွဲ) (နွားလှ)ကျောင်းမှ ဒု-အလယ်တန်းပြ ဒေါ်လဲ့လဲ့သင်း ၈/မသန(နိုင်) ၀၇၈၀၄၂၏ ဖခင်အမည်မှန်မှာ ဦးတုတ်ပြားနှင့် ဦးအေးလွင် အမည်နှစ်မျိုးဖြစ်နေသော်လည်း တစ်ဦးတည်းသာဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမြဒွေး ၁၂/မရက(နိုင်)၁၁၃၉၀၈ ၏ နိုင်ငံခြားငွေဘဏ်စာအုပ် FDH-11-2358 မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၁၆၂၆၄**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အထက(မြို့မ) Grade-11 မှ မောင်ရှိုင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၇/ပတတ(နိုင်) ၁၁၃၆၃၉ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**အမည်မှန်**

သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ်၊ ကြို့ပင်ကျေးရွာနေ ဦးမင်းအောင် ၏သမီး မယဉ်မင်းခိုင် ၉/စကန(နိုင်) ၁၂၀၈၉၇ ၏ အမည်မှန်မှာ မယမင်းခိုင် ဖြစ်ပါကြောင်း။

**မယမင်းခိုင်**

**ဖခင်အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်၊ အမက (၂)၊ Grade-2မှ မောင်သူရိန်ကိုကို၏ဖခင် အမည်မှန်မှာ ဦးကျော်ထိန်လင်း ၆/ရဖန(နိုင်) ၀၆၅၈၂၅ ဖြစ်ပါကြောင်း။

**ဦးကျော်ထိန်လင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ နယ်မြေ (၁၃)၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် (၃၆၂)နေ ကျွန်မ ဒေါ်သွယ်သွယ်အေး(ခ)ခင်မိုးဝင်း (၁၃/တကန(နိုင်)၁၄၉၂၁၂)မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ကျွန်မ၏ မိဘများဖြစ်သော ဦးဇော်ဝင်း(ခ)ဦးဘီဒီလင်ဘူး (၁၃/တကန(နိုင်)၁၁၂၅၇၇)နှင့် ဒေါ်ခင်မေလတ်(ခ)ဒေဇီ (၁၃/တကန(နိုင်)၂၈၇၀၃၄)တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်-၃(က)/အမှတ်(၃)အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂)၊ မြေရိယာ သုညဒသမ၀၈၃ဧကအား ကျွန်းစုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၂၈-၇-၂၀၁၀)ရက်စွဲပါစာအမှတ် ၄၂၉/၄/၄-၅/မယက(ကစ)အရ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမည်ဖြင့် မြေနေရာချထား ပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား ကျွန်းစုမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးအမည်ဖြင့် မြေငှားဂရန် (အသစ်)လျှောက်ထားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ်-၄(က)/အမှတ် (၄)အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၆)၊ မြေရိယာ သုညဒသမ၀၈၃ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၂၇/၂၀၁၆-၂၀၁၇ အရ ဦးမျိုးဆွေ အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဦးကျော်လင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးကျော်လင်း ၇/ပခန(နိုင်)၂၅၁၃၆၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၆၇-ခ)၊ ၅၈ x ၅၉ လမ်းကြား၊ မြတ်လေးလမ်းနှင့် ပိတောက်လမ်းကြားရှိ ဦးစိုင်းဘဌေးအမည်ပေါက် တောဂရန်မြေကွက်အား၊ ခင်ပွန်းဖြစ်သူ ဦးစိုင်းဘဌေး(ခ)ဦးယုန်ဖူးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၂၈၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သိန်းညွန့် ၉/မနတ(နိုင်)၀၅၀၂၆၀ ၏ (GP ဒေါ်တင်တင်မြ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၇၂၄/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၅+၆+၇+၈အတွင်းမှ ခဲစင်းပြ(၇+၈)ခဲစင်း၊ ၅၉ လမ်း၊ ၃၈ x ၃၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းရွှေဖိန်း၏ (S.P ရရှိသူ ဒေါ်ဝင်းမေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၀၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နီဦး ၉/ခမစ(နိုင်)၀၀၂၇၈၅ ၏ (G.P ရရှိသူ ဒေါ်ဝင်းမေ)က အမှုတွဲအမှတ် ၅၈၀၁/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၅၊ ဦးပိုင်အမှတ် (၈၂.ဃ)၊ ၁၉ x ၂၀ လမ်းကြား၊ ၈၆ x ၈၇ လမ်းကြားရှိ ဘိုးဘဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်မြင့်နိုင်၏ (S.Pရရှိသူ ဦးခင်မောင်ထွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၆၀/ ၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်း ၁/မကန(နိုင်)၀၃၂၄၉၅က အမှုတွဲအမှတ် ၀၆၃၁/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ် ၅(ခဲစင်း)၊ ၄၀ လမ်းမျက်နှာပြု၊ ၅၆ x ၅၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နီနီထွန်း၏ (S.P ရရှိသူ ဦးဝင်းနိုင်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၁၂၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းဦး ၉/မကန(နိုင်)၀၈၅၁၀၄ က အမှုတွဲအမှတ် ၅၇၈၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ပ-၈၊ ဦးပိုင်အမှတ် (၂၇-ခ)၊ မန္တလေး-မတ္တရာမီးရထားလမ်း၊ မျက်နှာပြု ၃၉ x ၄၀ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဦးပေါ်ဆလ၏ (S.P ရရှိသူ ဦးစိုးဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၉၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးလလွမ်(ခ)ကျော်စိုးလွင် ၁/မကန(နိုင်)၀၀၂၄၂၃၊ ဒေါ်ရှီဆွေ ၁/မကန(ပြု)၀၀၀၂၇၈ တို့က အမှုတွဲအမှတ် ၅၇၈၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် (၄၇.ခ)၊ မြို့ပတ်လမ်းနှင့် လမ်း ၆၀၊ စက်မှုသင်တန်းကျောင်းနားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်နိုင်ဝင်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၉၂၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးနေထက်အောင် ၉/မဟမ(နိုင်)၀၁၁၇၄၁၊ ဒေါ်ယမင်းသူဇာအောင် ၉/မဟမ(နိုင်)၀၃၄၂၉၇ တို့က အမှုတွဲအမှတ် ၅၇၈၆/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ (ဘ)ဦးထွန်းမြင့်၏သမီး ဒေါ်သက်သက် ၁၂/ဗဟန(နိုင်)၀၇၁၉၉၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၆-၁၉၅၈ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမိုခမ်း ၁၃/တခလ(နိုင်) ၀၉၀၄၇၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-338041)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၈၁၇၇၁၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၂

| | | |
|---|---|---|
| ဦးဝင်းနိုင် | နှင့် | ဦးတင်ဌွေ |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက် ၊ အကွက်အမှတ် သ-၉၊ ဦးပိုင်အမှတ် ၅၆ ရပ်နေ ဦးတင်ဌွေ(ဘ)ဦးအေးမောင် (ယခုနေရလိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးတင်ဌွေ သင့်အပေါ်၌ တရားလို ဦးဝင်းနိုင်က ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉) ဦးပိုင်အမှတ် (၅၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက ဦးတင်ဌွေ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၃

| | | |
|---|---|---|
| ဒေါ်စန်းစန်းမြင့် | နှင့် | ဦးမျိုးမြင့် (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရရှိသူဦးသန်းလွင်) |
| တရားလို | | တရားပြိုင် |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (လလ-၁၁/၈၂)၊ (ဈ)ရပ်ကွက်နေ ဦးမျိုးမြင့်(ဘ)ဦးဘသစ်(အီးအမ်ဒီဝိုင်-၃၀၅၇၁၅) ၉/မနမ(နိုင်) ၀၂၉၇၅၉ (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရရှိသူ ဦးသန်းလွင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်စန်းစန်းမြင့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၆

| | | |
|---|---|---|
| ဦးရန်တယ်ရှိန်း | နှင့် | ဦးညွန့်ရွှေ(၎င်း၏အထူး ကိုယ်စားလှယ်စာရသူ ဒေါ်ကြူကြူခိုင်(ခ)ဒေါ်သိင်္ဂီခိုင်) |
| တရားလို | | တရားပြိုင် |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၂)နေ ဦးညွန့်ရွှေ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ကြူကြူခိုင်(ခ)ဒေါ်သိင်္ဂီခိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးရန်တယ်ရှိန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၂)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးညွန့်ရွှေ အမည်ပေါက် ဂရန်မြေကွက်ရောင်းဝယ်မှုအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (ဘ)ဦးစံထွန်းအောင်-(မိ)ဒေါ်ရီရီအေးတို့၏ သမီး ပညာစံကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ မလမင်းသူအား မခွန်းဆင့်သဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကြည့်မြင်တိုင်မြို့နယ်နေ ဦးစောကေးဖ၏သမီး နော်လွယ်မူး ၁၂/ကမတ(နိုင်)၀၆၇၇၃၃၏ နိုင်ငံကူးလက်မှတ် ME 560635 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၂၅၀၈၅

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် မုန့်/မြောက်ရပ်ကွက်နေ (ဘ)ဦးသိန်းကြွယ်၏သမီး မဆုဆုစံ ၁၂/စခန(နိုင်)၀၆၀၁၂၆ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၆၈၂၈၄၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (၉၀၇.င/၄၁၀)၊ ဦးပိုင်အမှတ် ၂၁(ခဲစင်း)၊ ရန်-မန်းလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူများဖြစ်သော ဒေါ်ခင်မြင့်ကြည်၊ ဒေါ်မျိုးမိခိုင်၊ ဒေါ်တင်မျိုးခိုင်၊ ဦးရဲမြင့်သူ၊ ဦးစိုးမြင့်သူ၊ ဦးဇင်မင်းသူတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၉၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဗိုလ်ဗိုလ်ဇော် ၈/မမန(နိုင်)၁၃၃၁၅၀ က အမှုတွဲအမှတ် ၅၇၉၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် ၆၄၃၊ ဦးပိုင်အမှတ် ၃၈-က ၏ တောင်ဘက်ခြမ်းခဲစင်း/၃၅x၃၆/၇၇x၇၈ရှိ ဦးညွန့်မောင်ပါ ၆ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ချို(အပျိုဘဝ)ဖြင့် ကွယ်လွန်ခဲ့ရာ ကျန်ရစ်သော ဦးညွန့်မောင်၊ ဦးသိန်းအောင်(ခ)ဦးသုမန၊ ဦးလှသိန်းမောင်၊ ဒေါ်မြင့်မြင့်၊ ဒေါ်စိန်စိန်မြတို့မှ အပေးစာချုပ်အမှတ်(၅၉၉၈/၁၉၉၇)အရ ဒေါ်အေးမြိုင်က ပိုင်ဆိုင်ခဲ့ပြီး၊ ဖခင် ဦးမောင်လေး၊ မိခင် ဒေါ်အေးမြိုင်၊ သမီးဒေါ်စန်းလှ(အပျိုဘဝ)နှင့် တူ၊ တူမများအနက် ဦးညွန့်မောင်၊ ဒေါ်စိန်စိန်မြတို့ ကွယ်လွန်ပြီး ဦးသိန်းအောင်(ခ)ဦးသုမန (ရဟန်းဘဝ)တို့ဖြစ်၍ ကျန်ရစ်သူများဖြစ်သော ဦးလှသိန်းမောင် ၉/မရတ(နိုင်)၀၇၁၁၅၀၊ ဒေါ်မြင့်မြင့် ၉/မရတ(နိုင်)၀၅၇၂၉၀ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ (အမွေဆက်နှင့်စွန့်လွှတ်)စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၁+၂+၃+၄ အတွင်းမှ ခဲစင်းပြ(၃+၄)ခဲစင်း၊ ၃၈ လမ်း x ၅၉ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခေါ်နဘူ၏ (G.Pရရှိသူ ဒေါ်ဝင်းမေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၀၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နီဦး ၉/ခမစ(နိုင်)၀၀၂၇၈၅ ၏ (G.P ရရှိသူ ဒေါ်ဝင်းမေ)က အမှုတွဲအမှတ် ၅၇၉၉/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၁+၂+၃+၄အတွင်း မှ (၁+၂)ခဲစင်း၊ ၃၈လမ်း၊ ၅၉လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခေါ်နဘူ၏ (S.P ရရှိသူ ဒေါ်ဝင်းမေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၀၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နီဦး ၉/ခမစ(နိုင်)၀၀၂၇၈၅ ၏ (G.P ရရှိသူ ဒေါ်ဝင်းမေ) က အမှုတွဲအမှတ် ၅၇၉၈/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ် ၅(ခဲစင်း)၊ ၄၀ လမ်းမျက်နှာပြု၊ ၅၆ x ၅၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီထွန်း၏ (S.Pရရှိသူ ဦးဝင်းနိုင်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၁၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နွယ်ဝင်း ၉/မကန(နိုင်)၀၇၃၁၁၄ က အမှုတွဲအမှတ် ၅၇၈၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်အမှတ်(၅၃)၊ ၅၁ x ၅၂ လမ်းကြား၊ ၁၁၀ x ၁၁၁ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်ညွန့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၈၈၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သောင်းတင် ၉/မတရ(နိုင်)၀၁၄၄၅၁ ၏ (GP ရသူ ဦးဝမ်ရင်စိန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၇၃၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၅+၆+၇+၈ အတွင်းမှ ခဲစင်းပြ(၅+၆)ခဲစင်း၊ ၅၉လမ်း၊ ၃၈x၃၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းရွှေဖိန်း၏ (SP ရရှိသူ ဒေါ်ဝင်းမေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၀၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နီဦး ၉/ခမစ(နိုင်)၀၀၂၇၈၅၏ (GP ရရှိသူ ဒေါ်ဝင်းမေ)က အမှုတွဲအမှတ် ၅၈၀၀/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆရပ်ကွက်၊ အကွက်အမှတ် ဓဓ-၄၊ ဦးပိုင်အမှတ်(၂၂)/ ၁၃၀x၁၃၁ လမ်းကြား၊ ၆၅x၆၆ လမ်းကြားရှိ ဦးကွေ အမည်ပေါက် တောဂရန်မြေကွက်အား ဖခင်ဦးကွေ၊ မိခင် ဒေါ်မိုး၊ သား ဦးရီလှိုင် (လူပျိုဘဝ)၊ သား ဦးရီခိုင် (လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသမီး ဒေါ်မြင့်မြင့်ရီ၉/အမရ(နိုင်)၀၁၇၀၈၃က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင် ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၁၉)၊ ဦးပိုင်အမှတ်(၁၄.ခ+၁၅.င)၊ ၈၁လမ်းx၄၁လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးတင်အောင်၊ ဒေါ်ဥတို့ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးတင်အောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၂၀၈/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဥထံမှ မှတ်ပုံတင် အပေးစာချုပ်အမှတ်(၃၃၀၆/၂၀၂၃)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်ဥမ္မာအောင် ၉/မရတ(နိုင်)၀၀၂၃၆၅ က အမှုတွဲအမှတ်၀၆၂၈/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ် (ကုံကော်ရိပ်သာ-၁)၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ကုံကော်-၁ (၆)လမ်း၊ မြေကွက်အမှတ် (၉၈)၊ အကျယ်အဝန်း (၁၅၃ပေ/၁၅၇ပေ x ၁၀၀ပေ) (၀.၃၅၆)ဧကရှိ ဒေါ်မြင့်မြင့်အေး (၁၂/ဥကတ (နိုင်) ၁၂၆၅၅၀) နှင့် ဦးလင်းထက်အောင် (၁၂/ဥကတ (နိုင်) ၁၃၇၆၄၉)တို့ (၂)ဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဒေါ်မြင့်မြင့်အေးနှင့် ဦးလင်းထက်အောင် တို့(၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ပဒေသရာဇာလမ်း၊ မြေကွက်အမှတ် (၃၆၉)၊ အကျယ်အဝန်း (၄၃ပေ x ၆၀ပေ)ရှိ ဦးသန်းထွန်း (၁၂/ဒဂမ (နိုင်) ၀၅၈၁၁၆) (CG- ၀၆၄၀၁၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးသန်းထွန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၇၄၄/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူသင်း (၁၄/ဝခမ (နိုင်) ၀၀၀၀၃၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ(ကျောက်ဆည်)အား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်မီးခံအုတ် စက်ရုံခွဲ(ကျောက်ဆည်)သည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျောက်ဆည်မြို့ အရှေ့ဘက် (၅)မိုင်၊ (၃) ဖာလုံခန့်အကွာ၊ ကျောက်ဆည်စက်မှုနယ်မြေတွင်တည်ရှိပြီး ဘိလပ်မြေစက်ရုံသုံး မီးခံအုတ်များအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့သည့် စက်ရုံဖြစ်ပါသည်။ စက်ရုံဧရိယာ အကျယ်အဝန်းမှာ ၄၉ ဒသမ ၉၇ ဧကရှိပါသည်။ စက်မှုလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်နိုင်ပြီး ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest – EoI) အား စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ညနေ (၃:၀၀) နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EoI) ပုံစံလမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၃၀-၁၁-၂၀၂၃ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ပြရမည့်ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျသေချာစွာ ဖော်ပြထားသည့် အကြောင်းကြားစာ၊
(ခ) သက်တမ်းရှိကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (Form VI, Form XXVI အပါအဝင်)၊
(ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီအချက်အလက်များ (ရှိလျှင်)
(ဃ) ရင်းနှီးမြှုပ်နှံလိုသူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ၊
(င) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ ၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် email လိပ်စာ၊

(အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၀၈၆၇၈၊ ၀၆၇-၃၄၀၈၆၇၉)

## ကြော်ငြာစာ

